မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂)
အမှတ် (၁၉၄)

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်

၂၀၁၃ ခုနှစ်၊ ဧပြီ ၁၇ရက်၊ ဗုဒ္ဓဟူးနေ့။

ထူးခြားသည့် နေ့အပူချိန်များ

၁၆-၄-၂၀၁၃

ချောက်နှင့် မင်းဘူးမြို့
၄၃ ဒီဂရီစင်တီဂရိတ်

မကွေးနှင့်အောင်လံမြို့
၄၃ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ် မိုးရေချိန်

၁၆-၄-၂၀၁၃

ဟုမ္မလင်းမြို့
၀ ဒသမ ၆၇ လက်မ

ပူတာအိုမြို့
၀ ဒသမ ၅၉ လက်မ

ခန္တီးမြို့
၀ ဒသမ ၅၅ လက်မ

ရရှိထားတဲ့ အောင်မြင်မှုတွေကို ထိန်းသိမ်းပြီး နစ်နာဆုံးရှုံးမှုတွေကို သင်ခန်းစာယူ အနာဂတ်မှာ ကြုံတွေ့ရမယ့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားဖို့ ပြင်ဆင်ထားကြ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့် အတာသင်္ကြန်နှစ်သစ်ကူးမိန့်ခွန်း

မိဘပြည်သူများခင်ဗျား-

ယခုကဲ့သို့ အတာသင်္ကြန် နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နေရာဒေသအနှံ့အပြားမှာ မိမိတို့ မြန်မာနိုင်ငံသားအားလုံး အသက်အရွယ်ကြီးငယ်မရွေး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြတဲ့ အစဉ်ကားအသိုက် မြိုက်ဆုံးဖြစ်တဲ့ ရိုးရာပွဲတော်တစ်ရပ်ဖြစ်ပါတယ်။ ယခုလို အတာသင်္ကြန် နှစ်သစ်ကူးအခါသမယမှာ မိဘပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

ယခုလို နှစ်ကူးကာလမှာ နှစ်ဟောင်းက အညစ်အကြေးများကို ဆေးကြောသန့်စင်ပြီး နှစ်သစ်မှာ စိတ်သစ်လူသစ်နဲ့ မင်္ဂလာရှိရှိ အစပြုလေ့ရှိတာဟာ ကျွန်တော်တို့လူ့အဖွဲ့အစည်းရဲ့ ရိုးရာဓလေ့ဖြစ်ပါတယ်။ ဒါကြောင့် ယခုနှစ် နှစ်သစ်မင်္ဂလာမှာ ကျွန်တော့်အနေနဲ့ ပြည်သူလူထုတစ်ရပ်လုံးကို အဓိက ပြောကြားလိုတာကတော့ ယခင်နှစ်က ဒီမိုကရေစီအရေးကြိုးပမ်းမှု ဖြစ်စဉ်နဲ့အတူ လူမှုရေးအထင်အမြင်လွဲမှားမှုတွေကနေတစ်ဆင့် ပေါ်ပေါက်ခဲ့တဲ့ စိတ်ဝမ်းကွဲပြားမှုတွေ၊ ပဋိပက္ခဖြစ်မှုတွေနဲ့ မတည်ငြိမ်မှုတွေဆိုတဲ့ အမည်းစက်တွေကို အတာသင်္ကြန်ရေနဲ့ ဆေးကြောသန့်စင်ပြီး မင်္ဂလာရှိတဲ့ ကိစ္စရပ်တွေ၊ ပျော်ရွှင်ဖွယ်ကိစ္စရပ်တွေ၊ တည်ငြိမ်အေးချမ်းရေးကို ဦးတည်တဲ့ ကိစ္စရပ်တွေနဲ့ ပြည့်လျှမ်းနေတဲ့ မြန်မာနိုင်ငံအဖြစ် လာမည့်နှစ်သစ်မှာ မြင်တွေ့လိုကြောင်း တိုက်တွန်းပြောကြားလိုခြင်းပဲ ဖြစ်ပါတယ်။

ယခုလို အလေးအနက် တိုက်တွန်းပြောကြားရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းဟာ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ လူမှုရေးသဟဇာတရှိရှိ အတူယှဉ်တွဲနေခဲ့တဲ့ သမိုင်းနဲ့ချီတဲ့ အမျိုးသားရေးအစဉ်အလာကို အခြေခံပြီး ပြောကြားရခြင်းဖြစ်ပါတယ်။ မိမိတို့ လူ့အဖွဲ့အစည်းဟာ အခက်အခဲအကျပ်အတည်းများနဲ့ စိန်ခေါ်မှုများစွာကို အတူလက်တွဲ ကျော်လွှားခဲ့ကြတာဖြစ်တဲ့အတွက် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ အယူအဆပေါင်းစုံ သဟဇာတဖြစ်ဖြစ်နေထိုင်နိုင်တဲ့ မိမိတို့ရဲ့ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ ပိုင်ဆိုင်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ ယနေ့ မိမိတို့လျှောက်လှမ်းနေတဲ့ လမ်းကြောင်းကိုကြည့်မယ်ဆိုရင် ပိုမိုပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို

စာမျက်နှာ ၃ ကော်လံ ၁ ▲

နိုင်ငံတော်သမ္မတကြီးနှင့်ဇနီး မြန်မာပြည်သူ ပြည်သားများအတွက် နှစ်သစ်ကူးဆုမွန်နှုတ်ခွန်းခြွေ

နေပြည်တော် ဧပြီ ၁၆

မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီတွင် နောက်ဆုံးလဖြစ်သည့် တပေါင်းလမှ နှစ်ဦးအစ တန်ခူးလသို့ ကူးပြောင်းချိန် တစ်နည်းအားဖြင့် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်၊ ထိုအချိန်တွင် မြန်မာတို့သည် နှစ်သစ်ကူးပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြသည်။ တပေါင်းကုန်ဆုံး၊ ရာသီအခေါင်ဟု ဆိုအပ်သည့် တန်ခူးလတွင် မြန်မာတစ်နိုင်ငံလုံး၌ သင်္ကြန်ရေသဘင်ပွဲကို ဆင်နွှဲကြမြဲဖြစ်သည်။

ကံ့ကော်၊ ရင်ခတ်၊ ရွှေဝါပိတောက်တို့ရနံ့ဖြာသည့် နှစ်ကူးချိန်ခါမိဿရာသီ လတန်ခူးနှင့်အတူ နှစ်သစ်ကူးသင်္ကြန်ကာလ ပြီးစီးခဲ့ပြီဖြစ်သည်။

အဟောင်းတို့နေရာတွင် အသစ်အသစ်တို့ အစားထိုးဝင်ရောက်နေရာယူလာကြပြီဖြစ်သည်။ သို့ရာတွင် ယင်းအသစ်အသစ်တို့သည် အဟောင်းကို စွန့်ပယ်ခြင်းမဟုတ်ဘဲ အားသစ်လောင်းပေးနေခြင်းသာဖြစ်သည်။နှစ်သစ်ကို စိတ်သစ်၊ လူသစ်၊ အားမာန်အသစ်တို့နှင့်ကြိုဆိုကြရင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က မြန်မာပြည်သူ၊ပြည်သားများအတွက် နှစ်သစ်ကူးဆုမွန်ပန်ထွာ၊ နှုတ်ခွန်းခြွေစကားကို အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်-

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

နှစ်သစ်မှာ အားလုံးက စိတ်သစ်လူသစ်နဲ့ ပျော်ပျော်ရွှင်ရွှင်နဲ့ ကျန်းကျန်းမာမာရှိကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်း

မြန်မာပြည်သူ၊ ပြည်သားများအားလုံး နှစ်သစ်မှာ ကျန်းကျန်းမာမာနဲ့ မြန်မာပြည်အေးအေးချမ်းချမ်းရှိပါစေလို့ ဆုတောင်းလိုက်ပါတယ်။

ငြိမ်းချမ်းရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဖြစ် ရရှိပြီးငြိမ်းချမ်းမှုအား ပိုမိုခိုင်မာအောင်ဆောင်ရွက်ရန်ဆွေးနွေး

စာမျက်နှာ - ၂

ကိုရီးယားကျွန်းဆွယ်လုံခြုံရေးနှင့် ချူကလီးယားအရေး အိုဘားမားနှင့်တောင်ကိုရီးယားသမ္မတတို့ဆွေးနွေးမည်

စာမျက်နှာ - ၄

ထွန်းရွှေဝါဆေးတိုက် နှစ်သစ်မင်္ဂလာဆုတောင်းလွှာ

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သော မြန်မာ့တိုင်းရင်းဆေးဝါးများအား အဘက်ဘက်မှ ပိုင်းဝန်းပံ့ပိုးကူညီအားပေးခဲ့ကြသော ကျေးဇူးရှင် ဆရာသမားများနှင့် ပိတ်ဆွေအပေါင်းအသင်းများ၊ အနယ်နယ်အရပ်ရပ်ရှိ ဆေးရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် သုံးစွဲသူမိဘပြည်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူပြည်သားများအားလုံး မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် နှစ်သစ်မင်္ဂလာအခါသမယမှစ၍ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်အတူ စီးပွားဉစ္စာများ ဒီရေအလား တိုးတက်ပါစေကြောင်း ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စိတ်သစ်လူသစ်အားမာန်သစ်နှင့် နှစ်သစ်ဆီ

ယနေ့သည် မြန်မာတို့၏နှစ်ဦးအခါသမယ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်ကုန်ဆုံး၍ ၁၃၇၅ ခုနှစ်သို့ ကူးပြောင်းရောက်ရှိခဲ့ပြီဖြစ်သည့် မင်္ဂလာရှိသော မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်အတွင်း ပျော်ရွှင်စွာရေကစားခဲ့ကြပြီး နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်ထားကြသဖြင့် ပြည်သူအားလုံးသည် စိတ်သစ်၊ လူသစ်၊ အားမာန်သစ်ဖြင့် ရွှင်လန်း လန်းဆန်းနေကြပြီဖြစ်သည်။

မြန်မာနှစ်ဆန်းတစ်ရက်နေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာတို့ အထူးအလေးထားသည့် နေ့ထူးနေ့မြတ်လည်းဖြစ်သည်။ ဤနေ့ ဤရက်တွင် ဗုဒ္ဓဘာသာဝင်အားလုံးသည် ကောင်းမှုကုသိုလ် ပြုဖွယ်ရာများကို အမျိုးမျိုးပြုလုပ်ကြသည်မှာ အစဉ်အလာမပျက် ယနေ့တိုင်ပင်ဖြစ်သည်။ ဘုရားကျောင်းကန် စေတီပုထိုးများတွင် ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ အလှူဒါနပြုခြင်းများဖြင့် ကုသိုလ်ကောင်းမှုအစုစုတို့ကို ပြုလုပ်လေ့ရှိသည်။ လူငယ် လူရွယ်လေးများကလည်း လူကြီးမိဘများ ဆရာသမားများကိုကန်တော့ခြင်း၊ အဘိုးအဘွားများကို ရေချိုးပေးခြင်း၊ ခေါင်းလျှော်ခြင်း၊ လက်သည်းခြေသည်းလှီးဖြတ်ပေးခြင်းတို့ဖြင့် ကုသိုလ်ယူကြသည်။ အလှူဒါန ကုသိုလ်ပြုမှုတွင် သင်္ကြန်ကာလအတွင်း နေရာဒေသအနှံ့ စတုဒိသာကျွေးမွေး၍ ကုသိုလ်ပြုမှုကို မြင်တွေ့ရသည်မှာ မြန်မာတို့၏ ချစ်စရာယဉ်ကျေးမှု အလှူဒါနတစ်ခုပင်ဖြစ်သည်။

မြန်မာလူမျိုးတို့၏ စိတ်အရင်းခံသည် သနားကြင်နာတတ်ကြသည်။ မေတ္တာတရားကြီးမားသည်။ သတ္တဝါအားလုံးအပေါ် မေတ္တာတရားထားတတ်ကြသည်။ ဤကဲ့သို့ နေ့ထူးနေ့မြတ်အခါသမယတွင် သား၊ ငှက်တိရစ္ဆာန်တို့အား ဘေးမဲ့ပေးခြင်းများကိုပြုလုပ်၍ ဇီဝိတဒါန ကုသိုလ်ကောင်းမှုများပြုကြသည်။ သတ္တဝါများအပေါ် မေတ္တာကရုဏာထား၍ စုပေါင်းငါးလွှတ်ပွဲများလည်းပြုလုပ်ကြသည်။ နှစ်သစ်မင်္ဂလာအခါသမယတွင် နှစ်ဟောင်းမှအမည်းစက်များကို အတာရေနှင့် ဆေးကြောသန့်စင်ပြီးဖြစ်၍ ပြည်သူအားလုံးတို့သည် ရှေ့ဆက်လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းကြောင်းကြီးပေါ်တွင် ကြုံတွေ့လာနိုင်ဖွယ်ရှိသည့် ဆူးငြောင့်ခလုတ်များကို ဖယ်ရှား၍ ရင်ဆိုင်ကျော်လွှားပြီး မိမိတို့၏ ကျရာဝန်တာများကို စိတ်ရှည်မှု၊ သည်းခံမှု၊ ဇွဲရှိမှုများနှင့် အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်သည်။

နိုင်ငံအတွင်း နေထိုင်ကြသော ပြည်သူအားလုံးသည် တစ်ဦးနှင့်တစ်ဦး သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ညီညွတ်ခြင်းတို့ဖြင့် မေတ္တာမပျက် ချစ်ခင်လျက် နိုင်ငံတော်ကြီး စည်ပင်ဖွံ့ဖြိုးအေးချမ်းသာယာရေးအတွက် နှစ်သစ်တွင် အားမာန်သစ်များဖြင့် ဝိုင်းဝန်းလက်တွဲ၍ လိုရာခရီးအမြန်ဆုံးရောက်ရှိရန် လျှောက်လှမ်းကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ငြိမ်းချမ်းရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဖြစ် ရရှိပြီးငြိမ်းချမ်းမှုအား ပိုမိုခိုင်မာအောင်ဆောင်ရွက်ရန်ဆွေးနွေး

နေပြည်တော် ဧပြီ ၁၆

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဦးခင်မောင်စိုးနှင့် ဦးဝင်းမြင့်တို့သည် ဧပြီ ၁၂ ရက် မွန်းလွဲပိုင်းက ကယားပြည်နယ် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ဆက်ဆံရေးရုံးသစ်တည်ဆောက်ရန် ဆောင်ရွက်မည့်အစီအစဉ်၊ ဒေသဖွံ့ဖြိုးရေးအတွက် နယ်စပ်ကုန်သွယ်ရေးကိစ္စအပါအဝင် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ငြိမ်းချမ်းရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံဖြစ်သဖြင့် ရရှိပြီးငြိမ်းချမ်းမှုအား ပိုမိုခိုင်မာအောင် ဆောင်ရွက်ရန်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မကြာမီကာလအတွင်း ကယားပြည်နယ်အတွင်း လျှပ်စစ်မီးတိုးတက်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရရှိလာပြီဖြစ်၍စီးပွားရေးအရှိန်အဟုန်ဖြင့် တိုးတက်လာရေးအတွက် နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်သွားရန် ယခုကပင် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

KNPP ကိုယ်စားလှယ်အဖွဲ့က ပြန်လည်ဆွေးနွေးရာတွင် ဒေသအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက်ရှိကြောင်း၊ မိမိတို့မိသားစုဝင်များ၏ စားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်လိုကြောင်း၊ တရားဝင်စီးပွားရေးကို လမ်းကြောင်းမှန်အတိုင်း ခိုင်ခိုင်မာမာသွားလိုကြောင်း၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးခွင့် အမြန်ရရှိလိုကြောင်း၊ အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ကြီးကြီးမားမား ရှိကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ညနေပိုင်းတွင် လွိုင်ကော်မြို့ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များနှင့် ဆက်လက်တွေ့ဆုံ၍ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဧပြီ ၁၃ ရက် နံနက်ပိုင်းက လွိုင်ကော်မြို့ ချိုကယ်ထေးသမကျေးရွာ၌ ကျင်းပသော (၅၅)ကြိမ်မြောက် စုပေါင်းရိုးရာ ကေ့ထျိုးဘိုး(ခ) တံခွန်တိုင်ပွဲတော်သို့ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်အားပေးခဲ့ကြပြီး မောဒူဒီးဘိုးဟိုးခန်းမ တည်ဆောက်ရေးအတွက် ပြည်ထောင်စုဝန်ကြီးများက အလှူငွေများထည့်ဝင်လှူဒါန်းခဲ့ကြကာ ဒေသခံအကြီးအကဲတစ်ဦးက အမှတ်တရတံခွန်အလံများ ပြန်လည်ပေးအပ်ခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများသည် လွိုင်ကော်မြို့တွင် ဖွင့်လှစ်မည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ဆက်ဆံရေးရုံးသစ်တည်ဆောက်မည့် မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆက်ဆံရေးရုံးသစ် အမြန်ဆုံးတည်ဆောက်ဖွင့်လှစ်သွားနိုင်ရေး ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို KNPP ညှိနှိုင်းရေးကိုယ်စားလှယ်သို့ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

▲ *ရှေ့ဖုံးမှ*

တည်ဆောက်နေတာဖြစ်တဲ့အတွက် ရှေ့မှာကြုံတွေ့ရမယ့် အခက်အခဲအကျပ်အတည်းနဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ကျော်လွှားတဲ့အခါမှာ အမျိုးသားစည်းလုံးညီညွတ်မှုကို အခြေခံတဲ့ စာနာမှုများ၊ ထိန်းညှိမှုများ၊ ညှိနှိုင်းမှုများနဲ့ ပိုမိုကောင်းမွန်အောင် တည်ဆောက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကနေ့ ဒီမိုကရေစီတည်ဆောက်ရေးကို လက်တွဲချီတက်ခဲ့ကြတာ နှစ်နှစ်ကျော်ခဲ့ပါပြီ။ ဒီကာလအတွင်းမှာ မျှော်မှန်းမထားနိုင်တဲ့ အောင်မြင်မှုတွေကို တက်လှမ်းနိုင်ခဲ့သလို မျှော်လင့်မထားခဲ့တဲ့ ဝမ်းနည်းတုန်လှုပ်ဖွယ်ရာ ကိစ္စရပ်တွေလည်း ကျွန်တော်တို့ လူ့အဖွဲ့အစည်းအနေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒီရေရှည် တည်ဆောက်ရမယ့် ဒီမိုကရေစီခရီးရှည်ကြီးမှာ အခုရရှိထားတဲ့ အောင်မြင်မှုတွေကို ထိန်းသိမ်းပြီး နစ်နာဆုံးရှုံးမှုတွေကို သင်ခန်းစာယူကာ အနာဂတ်မှာ ကြုံတွေ့ရမယ့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားဖို့ ပြင်ဆင်ထားကြရမှာ ဖြစ်ပါတယ်။ ပြင်ဆင်တယ်ဆိုရာမှာလည်း မိမိတို့ လူ့အဖွဲ့အစည်း တစ်ရပ်လုံးအနေနဲ့စိတ်ရှည်မှု၊ သည်းခံမှု၊ ဖွဲ့ရှိမှုတွေနဲ့အားသွန်ခွန်စိုက်ကြိုးပမ်းလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

မိမိတို့ ကြိုးပမ်းတည်ဆောက်နေတဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေး အပြောင်းအလဲများ အောင်မြင်ဖို့အတွက် မြန်မာ့ရိုးရာသင်္ကြန်၏ အနှစ်သာရဖြစ်တဲ့ မေတ္တာတရားကို အခြေခံတဲ့ အေးချမ်းတည်ငြိမ်မှုကို အခိုင်အမာ တည်ဆောက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ အတာရေသဘင်ပက်ဖျန်းတဲ့ နှစ်သစ်ကူး အတာသင်္ကြန် ကာလမှာမိဘပြည်သူများ စိတ်နှလုံးအေးချမ်းသာယာစွာ ရှိကြစေဖို့ ကျွန်တော့်အနေနဲ့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ပြီးခဲ့တဲ့နှစ်ဟောင်းက ဖြစ်ပျက်ခဲ့တဲ့ ပဋိပက္ခများအပေါ် လူမျိုးရေး၊ ဘာသာရေး ပုံဖော်လိုတဲ့ ပြည်တွင်းပြည်ပမှ အကြမ်းဖက်အဖျက်လုပ်ရပ်များကိုလည်း ဤသင်္ကြန်ကာလမှာ သတိထား ကာကွယ်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

မိဘပြည်သူများ ကျန်းမာချမ်းသာကြပါစေ။

ပေကျင်းမြို့ မြန်မာသံရုံးမိသားစု၊ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းနှင့် မြန်မာပြည်ပြန် တရုတ်အမျိုးသားအသင်းတို့ ပူးပေါင်း၍ အတာသင်္ကြန်ပွဲ ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ မြန်မာသံရုံးမှ မိသားစုဝင်များသည် ဧပြီ ၁၄ ရက် မဟာသင်္ကြန်အကျနေ့တွင် တရုတ်-မြန်မာချစ်ကြည်ရေးအသင်း၊ မြန်မာပြည်ပြန်တရုတ်အမျိုးသားများအဖွဲ့တို့နှင့် ပူးပေါင်း၍ မြန်မာသံရုံး၌ အတာသင်္ကြန် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ရာ ပညာတော်သင် ကျောင်းသား ကျောင်းသူများ အပါအဝင် စုစုပေါင်းအင်အား ၂၅၀ ခန့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ သံရုံး- စစ်သံရုံး မိသားစုဝင်များ မြန်မာပြည်ပြန် တရုတ်အမျိုးသား အမျိုးသမီးများ၊ ပညာသင်ကျောင်းသား ကျောင်းသူများနှင့် တရုတ်ယဉ်ကျေးမှုအကအဖွဲ့များက တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြပြီး ကံစမ်းမဲအစီအစဉ်များနှင့်အတူ ကြာဆံဟင်းခါး၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ သစ်သီးနှင့် အချိုရည်များကို သံရုံးမိသားစုဝင်များက ဧည့်ခံ ကူသိုလ်ပြုခဲ့ကြသည်။ တရုတ်-မြန်မာချစ်ကြည်ရေးအသင်းနှင့် ကုမ္ပဏီများမှ ကံစမ်းမဲနှင့် လက်ဆောင်များ အမှတ်တရ ချီးမြှင့်ခဲ့ကြပြီး ညနေပိုင်းတွင် အခမ်းအနားကို မန်းတောင်ရိပ်ခိုသီချင်းဖြင့် စုပေါင်းသီဆိုကာခုန်ပိတ်သိမ်းခဲ့ကြသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲကျင်းပ

ပဲခူး ဧပြီ ၁၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဗဟိုမဏ္ဍပ် မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲကို ယနေ့ ညနေ ၆ နာရီက ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးဒေါ်မြင့်မြင့်စိုး၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပြိုင်ပွဲဝင်ယိမ်းအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

သင်္ကြန်ပွဲတော် ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရရှိသော မြန်မာ့ဆက်သွယ်ရေး ယိမ်းအဖွဲ့အား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သန့်ဇင်)**

● *ကျောဖုံးမှ*

ကျိုက်ဝိုင်းစသည့် စေတီများတွင်လည်း ဘုရားဖူးများ၊ ဥပုသ်သီလဆောက်တည်သူများ အလှူဒါနပြုသူများနှင့် စည်ကားလျက်ရှိသလို ကမ္ဘာလှည့် ခရီးသွားများလည်း လာရောက် ဖူးမြော်လျက်ရှိသည်ကို တွေ့ရသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်အနီးနှင့် ရန်ကုန်မြို့လယ်လမ်းများတွင်လည်း ရေပက်ကစားသူများ၊ ရေပက်မဏ္ဍပ်များ၊ ရေပက်ခံကားများဖြင့် အေးချမ်းစွာဖြင့် အတာရေသဘင်ဆင်နွှဲလျက်ရှိရာ နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသွားများ **(အောက်ပုံ)** ကလည်း လမ်းလျှောက်ကာ ရေပက်ခြင်း၊ ရေပက်ခံခြင်းများဖြင့် ပျော်ရွှင်စွာပါဝင်ဆင်နွှဲလျက်ရှိသည်ကို တွေ့မြင်ရသည်။

AIR KBZ LTD. လေကြောင်းလိုင်းနှစ်နှစ်ပြည့် ချောင်းသာကမ်းခြေ၌ ပတ်ဝန်းကျင်သန့်ရှင်းရေးများ ဆောင်ရွက်

ရန်ကုန် ဧပြီ ၁၆

AIR KBZ LTD.လေကြောင်းလိုင်းမှ လေယာဉ်ပြေးဆွဲပျံသန်းခြင်း နှစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဧပြီ ၄ ရက်နှင့် ၅ ရက်နေ့က ချောင်းသာကမ်းခြေ၌ ပတ်ဝန်းကျင် သန့်ရှင်းရေးများ ပြုလုပ်ခဲ့ကြပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကမ်းခြေ သန့်ရှင်းသာယာလှပရေးတို့အတွက် AIR KBZ LTD. မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ ချောင်းသာအပန်းဖြေစခန်းရှိ သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စုစုပေါင်း လူဦးရေ ၂၀၀ ခန့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)** ကမ်းခြေပတ်ဝန်းကျင်တွင် အသုံးပြုရန် အမှိုက်ပုံးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ အသိပေးဆိုင်းဘုတ်များ စိုက်ထူထားရှိ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(စိုးညွန့်)**

ပြည်တွင်းသတင်း

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သည့် သံတမန်များ ကျိုင်းတုံဒေသ၌ကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သည့် နိုင်ငံ ၁၂ နိုင်ငံမှ သံတမန်များနှင့်မိသားစုများ၊ UNRC, UNHCR, ICRC မှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း ၃၇ ဦးပါဝင်သောအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် ကျိုင်းတုံမြို့သို့ ရောက်ရှိကြပြီး ကျိုင်းတုံမြို့မ ဈေးကြီးသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် သစ်တစ်ပင်တောင်၌ ၁၇၅၃ခုနှစ်က စိုက်ပျိုးခဲ့သည့် ကညင်ဖြူပင်နှင့် သစ်တစ်ပင်တောင် ဝန်းကျင်မှ သဘာဝတောတောင်အလှများ၊ မြို့ရိုးနှင့် ကျုံးနေရာများကိုလည်းကောင်း၊ ကျိုင်းတုံမြို့ အမှတ်(၃) ရပ်ကွက် လွိုင်မွေလမ်းရှိ အာခါနှင့် လားဟူတိုင်းရင်းသားတို့၏ ရိုးရာလုပ်ငန်းကို လည်းကောင်း၊ မြရွှေရည် ရေပူစမ်း အပန်းဖြေစခန်းကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် သံတမန်များ၊ မိသားစုများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကျိုင်းတုံ ဟိုတယ်သစ်၌ဂုဏ်ပြုညစာစားပွဲနှင့် တည်ခင်းဧည့်ခံသည်။ ညစာစားပွဲတွင် သင်္ကြန်ယိမ်းအကများနှင့်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ရိုးရာအကများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင်္ကြန်တွင်း ညောင်ချောင်းသာ ကမ်းခြေ

သတင်း-တင်ဝင်းလေး (ကြည့်မြင်တိုင်)
ဓာတ်ပုံ- သန်းမောင်(ရန်ကင်း)

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရန်ကင်းစံရာ ကျေးရွာအနီး၌ မြစ်မင်းဧရာနှင့်ပန်းလှိုင်မြစ်တို့ဆုံစည်းရာမှ ဖြစ်ပေါ်လာသောသဲသောင်ကမ်းခြေမှာ ချောင်းသာကဲ့သို့ သာယာလှပသည့်အတွက် "ညောင်ချောင်းသာ"ဟု အမည်တပ်ကာ ဖြစ်ပေါ်လာခဲ့သည်။

မြို့ရန်ကုန်မှသည် ၃၄ မိုင်မျှသာကွာဝေးသည့်အတွက် လှိုင်သာယာမြို့နယ်ကိုဖြတ်သန်းကာ ကားခရီးနာရီအားဖြင့် ဖြည်းဖြည်းမှန်မှန်မောင်းနှင်သွားပါက နှစ်နာရီ အတွင်း မပင်မပန်းရောက်နိုင်သော နေရာလေးတစ်ခုဖြစ်သည်။

ကြိုတင်ရထားသည့် သတင်းများထက်ပင်ပို၍ စည်ကားနေသည်ဟု ထင်မိသည်။ မြစ်ပြင်အစပ်၌ပျော်ရွှင်စွာရေကစားနေသူများ ကြီးကြီးငယ်ငယ် အရွယ်စုံလှသည်။ ကမ်းခြေသဲသောင်ပြင်ပေါ်၌ နီ၊ ဝါ၊ ပြာ၊ စိမ်းစသောထီးအမိုးဖြင့် ဆိုင်တန်းများ၊ ရေကစားသူများ၏ ခေတ္တနားခိုရာအမိုးထီးတန်းများက ရှု၍မဆုံး၊ ရေတွက်၍ မကုန်နိုင်အောင်ရှိနေသည်ကို မြင်တွေ့လိုက်ရသည်။

Sky Go စားသောက်ဆိုင်မှ ကိုရဲဝင်းပိုင်က "ခါတိုင်း စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေထက်ကို လာတဲ့သူတွေ ပိုများတယ်။ နေရာပေးစရာ မရှိလောက်အောင် ဖြစ်နေတယ်" ဟု စည်ကားမှုကို ပြောပြသည်။

များသောအားဖြင့် ရန်ကုန်မြို့မှ လာရောက်သူများဖြစ်သည်ကို လေ့လာမိခဲ့သည်။ တာမွေမှ ဦးကျော်အုန်းမိသားစုက "ဒီနှစ်ရန်ကုန်သင်္ကြန် မလည်ဖြစ်တော့ဘူး။ ဒီညောင်ချောင်းသာကိုလာကြည့်တာ၊ ထင်တာထက်ပိုစည်တာကိုတွေ့ရတယ်" ဟု မြန်မာ့အလင်းသတင်းအဖွဲ့ကို ပြောပြပါသည်။

မြစ်အစပ်၌ ဘောကွင်းငှားသူ၊ ဘောလုံးငှားသူ၊ လှေဖြင့်လှေလှော်အငှားလိုက်သူများက လက်မလည်အောင် အငှားကောင်းလှသည်။ မြစ်ပြင်အစပ်၌ ခေတ္တနားခိုရာ ထီးများကိုတစ်လက်လျှင် ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ အထိ အငှားဖြစ်ကြသည်။ သို့တိုင် အလုအယက် ငှားရမ်းကြရသည်။

ငါးကင်မှအစ စားသောက်ဖွယ်ရာ အကုန်နီးပါးမျှရနိုင်သည်ကို တွေ့ရသည်။ အိမ်အပြန်လက်ဆောင် ငါးခြောက် ငါးခြမ်းဆိုင်တန်းများတွင်လည်း အမှတ်တရ တိုးဝင်ဝယ်ယူနေကြသည်ကို တွေ့ရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်မှ လာသော ကိုသန်းအောင်က "ကျွန်တော်တို့နှစ်ယောက်ထဲလာတာ၊ လှိုင်သာယာ ဒဂုံဈေးကားကြီးဝင်းက အငှားကားနဲ့လာတာ အဆင်ပြေတယ်။ ရေကတော့ လူလာများ လို့လားတော့မသိဘူး၊ ရေနောက်တယ်" ဟု ဆိုပါသည်။ သတ်မှတ်ထားသော နေရာမှ ကျော်လွန်၍မသွားနိုင်ရန် အဆီးအတားများ ပြုလုပ်ထားသည်ကို တွေ့ရသည်။ နားခိုရာနေရာများဆီသို့ ငှက်ကြော်၊ စာကလေးကြော်၊ အကြော်စုံ ရောင်းသူများကလည်း ယခုလိုရက်ပိုင်းအတွင်း၌ နေ့စဉ်ကျပ် ၁၀၀၀၀ မျှ အမြတ်ငွေရှိကြသည်ဟု ပြောပြသည်။

ဤကဲ့သို့ အပန်းဖြေစခန်းတစ်ခု ပေါ်လာခြင်းကြောင့် ဝန်းကျင် ကျေးရွာရှိ မှီတင်းနေထိုင်သူများပါ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာခဲ့ပြီ ကိုတွေ့မြင်လာခဲ့ရသည်။

နိုင်ငံတကာသတင်း

ရုပ်မြင်သံကြားအစီအစဉ်တင်ဆက်သူ နီပေါနိုင်ငံသား ဂင်းနက်စံချိန်တင်

ခတ္တမန္ဒူ ဧပြီ ၁၆

နီပေါနိုင်ငံသားရုပ်မြင်သံကြား အစီအစဉ်တင်ဆက်သူတစ်ဦးသည် ရုပ်မြင်သံကြားအစီအစဉ်များကို အချိန်ကြာမြင့်စွာ မရပ်မနား တင်ဆက်နိုင်ခဲ့သဖြင့် ကမ္ဘာပေါ်တွင် တစ်ဆက်တည်းအချိန်ကြာမြင့်ဆုံး အစီအစဉ်တင်ဆက်သူအဖြစ် ကမ္ဘာ့မှတ်တမ်းသစ်ကို တင်နိုင်ခဲ့ကြောင်း ဧပြီ ၁၆ ရက်က သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

အဆိုပါ ရုပ်မြင်သံကြားအစီအစဉ်တင်ဆက်သူသည် အချိန် ၆၂ နာရီ မရပ်မနား ဆက်တိုက်အစီအစဉ် တင်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။ သူသည် "နီပေါနိုင်ငံတွင် ဗုဒ္ဓဖွားမြင်ခဲ့သည်" ဟူသောအကြောင်းအရာအပေါ် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သူဖြစ်သည်။

ထိုသို့ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ရာတွင် နိုင်ငံရေးသမားများ၊ မီဒီယာသမားများနှင့် ထင်ပေါ်ကျော်ကြားသူများအား တယ်လီဖုန်းဖြင့် မေးမြန်းကာ စီစဉ်တင်ဆက်ခဲ့သူဖြစ်သည်။

တင်ဆက်ပြောကြားခဲ့

ယခင်က အချိန်အကြာမြင့်ဆုံး ရုပ်မြင်သံကြားအစီအစဉ်တင်ဆက်သူအဖြစ် မှတ်တမ်းတင်ထားခဲ့သူမှာ ၂၀၁၁ ခုနှစ်က ယူကရိန်းနိုင်ငံမှဖြစ်ပြီး ၅၂ နာရီကြာမရပ်မနား တင်ဆက်ပြောကြားခဲ့ခြင်းဖြစ်သည်။ ယခုဂင်းနက်စ်မှတ်တမ်းတင်နိုင်ခြင်းကြောင့် နီပေါနိုင်ငံအား ကမ္ဘာ့အသိုင်းအဝိုင်းအတွင်း ပိုမိုသိရှိထင်ရှားလာစေရန် အထောက်အကူပြုနိုင်မည်ဟု ၎င်းကပြောကြားသည်။ **(ဘီဘီစီ)**

မြောက်ကိုရီးယားနယ်စပ်အနီး အမေရိကန်ပိုင်ရဟတ်ယာဉ်တစ်စင်းပျက်ကျ

ဆိုးလ် ဧပြီ ၁၆

မြောက်ကိုရီးယားနယ်စပ်အနီး ဆိုးလ်မြို့မြောက်ပိုင်း အခြေစိုက်တပ်စခန်းနှင့် မဝေးတော့သည့်နေရာ၌ ဧပြီ ၁၆ ရက်က အမေရိကန်ပိုင်ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့ဝင်များက ပြောကြားခဲ့ကြသည်။

ပျက်ကျခဲ့

အဆိုပါ စီအိတ်ချ်အမေရိကန်မရိန်းရဟတ်ယာဉ်အား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက မောင်းနှင်လာခြင်းဖြစ်သည်ဟု အေအက်ဖ်ပီသတင်းက ဖော်ပြထားသည်။ လေယာဉ်အမှုထမ်းသုံးဦးနှင့် အခြားသူ ၁၃ ဦးလိုက်ပါလာသော အဆိုပါရဟတ်ယာဉ်သည် အမေရိကန်နှင့် တောင်ကိုရီးယားတို့ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

သေကျေထိခိုက်ဒဏ်ရာရရှိမှုများနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အတိအကျမသိရသေးဟု ဆိုသည်။ ယင်းမတော်တဆမှုအား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်သည်။

အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားနှင့် ဆက်ဆံမှုများ တင်းမာနေစဉ်အတွင်း ယင်းကဲ့သို့ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေခြင်းကို မြောက်ကိုရီးယားက ဝေဖန်ရှုတ်ချခဲ့သည်ဟု သိရသည်။ **(အာတီ)**

ကိုရီးယားကျွန်းဆွယ်လုံခြုံရေးနှင့် နျူကလီးယားအရေး အိုဘားမားနှင့်တောင်ကိုရီးယားသမ္မတတို့ဆွေးနွေးမည်

ဝါရှင်တန် ဧပြီ ၁၆

အမေရိကန်သမ္မတ ဘားရက် အိုဘားမားသည် ကိုရီးယားကျွန်းဆွယ်အရေးကိစ္စနှင့်ပတ်သက်ပြီး ဝါရှင်တန်မြို့၌ တောင်ကိုရီးယားသမ္မတ ပက်ဂွန်ဟေးနှင့်လာမည့် မေ ၇ ရက်တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း အမေရိကန်အရာရှိများက ဧပြီ ၁၆ ရက်၌ သတင်းထုတ်ပြန်သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် လုံခြုံရေးနှင့် စီးပွားရေးရာကိစ္စရပ်များအပြင် မြောက်ကိုရီးယားတို့၏ ခြိမ်းခြောက်မှုများနှင့် ပတ်သက်၍လည်း နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့ ဆွေးနွေးကြမည်ဖြစ်သည်။

မကြာမီရက်များက မြောက်ကိုရီးယားတို့အနေဖြင့် တောင်ကိုရီးယား၊ ဂျပန်နှင့်ဒေသတွင်း အမေရိကန်စစ်အခြေစိုက်စခန်းများကို တိုက်ခိုက်ရန် ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၂ ရက်ကမြောက်ကိုရီးယားတို့က မြေအောက်၌ နျူကလီးယားစမ်းသပ်မှု ပြုလုပ်ခဲ့ပြီးနောက်ပိုင်း ဆက်ဆံရေး တင်းမာလာခဲ့သည်။

သမ္မတဘားရက်အိုဘားမားနှင့် တောင်ကိုရီးယားသမ္မတ ပက်ဂွန်ဟေးတို့သည် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားကင်းရှင်းရေးနှင့် မြောက်ကိုရီးယားတို့၏ နျူကလီးယားခြိမ်းခြောက်မှုများ ပြုလုပ်ကြမည်ဖြစ်သည်ဟု အိမ်ဖြူတော်မှ ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။ အဆိုပါ ဆွေးနွေးပွဲပြုလုပ်ရန် စီစဉ်ခြင်းမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ၏ အာရှခရီးစဉ်အစိတ်အပိုင်းတစ်ခုအဖြစ် ဧပြီ ၁၂ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ရောက်ရှိစဉ် တောင်ကိုရီးယားသမ္မတပက်ဂွန်ဟေးနှင့်တွေ့ဆုံဆွေးနွေးပြီးနောက် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

ပါရှန်ပင်လယ်ကွေ့အတွင်း အီရန်ဒုံးကျည်သစ်စမ်းသပ်

တီဟီရန် ဧပြီ ၁၆

အီရန်နိုင်ငံက ပါရှန်ပင်လယ်ကွေ့အတွင်းသို့ မြေပြင်မှ ရေပြင်ပစ် ပဲ့ထိန်းဒုံးကျည်သစ် တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း အီရန်ဒုတိယကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

အီရန်ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အမြင့်ဆုံးရှိ အဓိကပစ်မှတ်ကို ထိအောင်ပစ်ခတ်နိုင်စွမ်းရှိသည့် အဆိုပါဒုံးကျည်သစ်တစ်စင်းကို စမ်းသပ်ပစ်ခတ်ခဲ့ပြီးဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဘိုကာအီက ဧပြီ ၁၆ ရက်တွင် ပြောကြားခဲ့သည်။

ဖျက်ဆီးနိုင်

ယင်းဒုံးကျည်သစ်ကို မြေပြင်မှ မြေပြင်ပစ် ဒုံးကျည်စနစ်တစ်ခု တပ်ဆင်ထားကြောင်း၊ ပစ်ခတ်ရာတွင် လေထုအတွင်း ရောက်ရှိပြီးနောက် အဓိကပစ်မှတ်ဖြစ်သည့် ရေယာဉ်သို့မဟုတ် စစ်သင်္ဘောကို မြန်နှုန်းမြင့်အလျင်ဖြင့် လုံးလုံးလျားလျားဖျက်ဆီးနိုင်စွမ်းရှိကြောင်း ဘိုကာအီက ဆက်လက်ပြောကြားသည်။

အဆိုပါဒုံးကျည်သစ်စမ်းသပ်ပစ်ခတ်ပြီးနောက် ရန်သူ့စစ်သင်္ဘောနှင့် ဖျက်သင်္ဘောများကို အီရန်နယ်စပ်ဝန်းကျင်မှ ပြန်လည်ခြိမ်းခြောက်နိုင်ခဲ့ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင်-စုစည်းသည်

အမေရိကန်ဘော့စ်တွန်မာရသွန်ပြိုင်ပွဲတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘော့စ်တွန် ဧပြီ ၁၆

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ဘော့စ်တွန်မြို့၌ ဧပြီ ၁၅ ရက်က မာရသွန်ပြိုင်ပွဲကျင်းပနေစဉ် ပန်းဝင်စည်းနား၌ စက္ကန့်အနည်းငယ်သာခြားသော ပြင်းထန်သည့် ဗုံးပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့ပြီး ၁၄၀ ဦး ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဘော့စ်တွန်မြို့ရှိ ယင်းပြိုင်ပွဲသည် မျိုးချစ်ပုဂ္ဂိုလ်များအား ဂုဏ်ပြုသောနေ့အဖြစ် ရုံးပိတ်ရက်သတ်မှတ်ပြီး မာရသွန်အပြေးပြိုင်ပွဲကျင်းပခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်အချို့ ပန်းဝင်ပြီးနောက် မကြာမီ ယင်းကဲ့သို့ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

တာဝန်ရှိသူများမှ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ပေးနေပြီး ပေါက်ကွဲမှုနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ မည်သည့်နေရာမှ အခြေခံသည်ကို စုံစမ်းစစ်ဆေးနေသည်ဟု သိရသည်။ လူထောင်ပေါင်းများစွာ လာရောက်ကြည့်ရှုအားပေးနေသော မာရသွန်ပြိုင်ပွဲ ကျင်းပနေစဉ်ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ၎င်းဗုံးပေါက်ကွဲမှုအား စုံစမ်းစစ်ဆေးမှုများ အပြည့်အဝဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတအိုဘားမားက ကတိပြုပြောကြားသွားသည်။ စုံစမ်းစစ်ဆေးသူများက ယင်းဧရိယာတွင်း မပေါက်ကွဲသေးသော ဖောက်ခွဲရေးပစ္စည်းများကိုလည်း ထပ်မံတွေ့ရှိခဲ့ရသည်ဟု ဝေါလ်စထရိဂျာနယ်တွင် ရေးသား ဖော်ပြထားသည်။ **(ရိုက်တာ)**

နိုင်ငံတကာသတင်း

သာမို နျူကလီးယားစစ်ပွဲ တကယ်ဖြစ်လာမှာလား

မောင်နွေသစ်

လက်ရှိကိုရီးယားကျွန်းဆွယ်အရေးကတော့ ရွာတော့မလို ပြိုတော့မယောင်မိုးကြီးလိုပါပဲ။ မြောက်ကိုရီးယားက သူ့နိုင်ငံအတွင်းမှာရှိတဲ့ ပြည်ပသံရုံးတွေဘေးလွတ်ရာသို့ ထွက်ခွာထားကြဖို့ ပြောလိုက်ပါပြီ။ ဒါ့အပြင် ဧပြီ ၉ ရက်က တောင်ကိုရီးယားမှာရှိတဲ့ နိုင်ငံခြားသံရုံးတွေ၊ စီးပွားရေးလုပ်ငန်းတွေနဲ့ ခရီးသွားတွေ အချိန်မီ တောင်ကိုရီးယားနိုင်ငံမှ ထွက်ခွာကြဖို့လည်း ပြောဆိုလိုက်ပါပြီ။

တကယ့်ကိုပဲ မြောက်ကိုရီးယားက နျူကလီးယားစစ်ပွဲ ဆင်နွှဲတော့မယ့် အနေအထားပြောနေတာပါ။ သာမို နျူကလီးယားစစ်ပွဲကြီး (Thermonuclear war) ကိုရီးယားကျွန်းဆွယ်မှာ ဖြစ်ပွားဖို့နီးလာပြီလို့လည်း ပြောဆိုလိုက်ပြီဖြစ်ပါတယ်။ သာမို နျူကလီးယားဆိုတာက အပူချိန်မြင့်မားတဲ့ နျူကလီးယားကို အခြေခံထုတ်လုပ်ထားတဲ့လက်နက်တွေဖြစ်ပါတယ်။ ဒီလိုလက်နက်တွေသုံးပြီး တိုက်မယ့်စစ်ပွဲလို့ဆိုခြင်းပါပဲ။

“တောင်ကိုရီးယားမှာရှိတဲ့ နိုင်ငံခြားသားအားလုံး ဘေးကင်းလုံခြုံရာကို ရှောင်ရှားကြစေလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ တောင်ကိုရီးယားမှာနေထိုင်နေတဲ့ နိုင်ငံခြားသားတွေကို ထိခိုက်နာကျင်စေမှု မဖြစ်စေလိုပါဘူး”လို့ မြောက်ကိုရီးယားရဲ့ အာရှ ပစိဖိတ်ငြိမ်းချမ်းရေးကော်မတီက ဧပြီ ၉ ရက်မှာ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါတယ်။ ကိုရီးယားကျွန်းဆွယ်ရဲ့ အခြေအနေဟာ သာမိုနျူကလီးယားစစ်ပွဲကြီးဆီကို တဖြည်းဖြည်းနီးကပ်လာပြီလို့လည်း ဒီကြေညာချက်မှာ ထပ်လောင်းဖော်ပြထားပါတယ်။

ဒီအတောအတွင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကလည်း ကိုရီးယားကျွန်းဆွယ်တင်းမာမှုကို အမြန်ဆုံးဖြေလျှော့ကြဖို့ သတိပေးပြောကြားလိုက်ပါတယ်။ လက်ရှိ တင်းမာနေမှုဟာ အလွန့်အလွန် ကြောက်စရာကောင်းပါတယ်။ အသေးအဖွဲလေးကို အချိန်မီမထိန်းချုပ်နိုင်ဘူးဆိုရင် လုံးဝထိန်းလို့သိမ်းလို့မရတဲ့ အခြေအနေမျိုး ဖြစ်သွားနိုင်ပါတယ်လို့ အဲဒီနေ့က ရောမမြို့ကိုရောက်တုန်း ပြောကြားလိုက်ပါတယ်။

ကိုရီးယားကျွန်းဆွယ်တင်းမာမှုဟာ မည်သူ့မည်သူကိုမျှ အကျိုးရှိမှာမဟုတ်ဘူးလို့လည်း ဘန်ကီမွန်းက ထပ်လောင်းပြောကြားလိုက်ပါတယ်။

ကိုရီးယားကျွန်းဆွယ်ရဲ့ နောက်ဆုံးအခြေအနေကတော့ တောင်ကိုရီးယားနဲ့ ပူးတွဲတည်ထောင်ထားတဲ့

စက်မှုဇုန်အတွင်းမှာ မြောက်ကိုရီးယားအလုပ်သမားတွေ ဧပြီ ၉ ရက်ကစပြီး အလုပ်မဆင်းကြတော့ပါဘူး။ ပြုံယမ်းက ဒီစက်မှုဇုန်မှာ သွားအလုပ်မလုပ်ကြဖို့ မြောက်ကိုရီးယားအလုပ်သမားတွေကို ပြောကြားထားတယ်လို့ ဆိုပါတယ်။ မြောက်ကိုရီးယားက သူ့နိုင်ငံဟာ တောင်ကိုရီးယားနဲ့ စစ်ဖြစ်ပြီလို့ မတ် ၃၀ ရက်က ကြေညာလိုက်ပါတယ်။ ဆိုးလ်နဲ့ ဝါရှင်တန်တို့ရဲ့ ဘယ်လိုရန်စမှုမျိုးကိုမဆို နျူကလီးယားစစ်ပွဲ ဆင်နွှဲမယ်လို့လည်း မြောက်ကိုရီးယားက သတိပေးလိုက်ပါတယ်။ အမေရိကန်က နျူကလီးယားသယ်ဆောင်နိုင်တဲ့ B-52 နဲ့ B-2 Stealth ဗုံးကြဲလေယာဉ်တွေ တောင်ကိုရီးယားနဲ့ ပူးတွဲစစ်ရေးလေ့ကျင့်မှုအပါအဝင် ပြသခဲ့တဲ့အတွက်ကြောင့်လည်း စစ်ပွဲ ဖြစ်ပွားဖို့ အရိပ်အမြွက်တက်လာတာလို့လည်း ဆိုပါတယ်။ ဝါရှင်တန်နဲ့ ဆိုးလ်တို့က လက်ဦးမှုရယူတိုက်ခိုက်လာမယ်ဆိုရင် နျူကလီးယားစစ်ပွဲဖြစ်ပြီလို့လည်း ပြုံယမ်းက သတိပေးထားပါတယ်။ မြောက်ကိုရီးယားက ကီလိုမီတာ ၃၀၀၀ အကွာအဝေးအထိ ပစ်ခတ်နိုင်တဲ့ Musudan ဒုံးကျည်တစ်စင်းကိုလည်း ဂျပန်နဲ့တောင်ကိုရီးယားဘက်ကိုပစ်ဖို့ ချိန်ရွယ်ထားပြီလို့ ဆိုပါတယ်။ ဒီဒုံးကျည်ဟာ ဂူအမ်ကျွန်းပေါ်က အမေရိကန် စစ်စခန်းတွေအထိ ရောက်နိုင်တယ်လို့ဆိုပါတယ်။ အမေရိကန်ကတော့ ကိုရီးယားကျွန်းဆွယ် ပစိဖိတ်ကမ်းလွန်မှာ ပဲ့ထိန်းဒုံးခွင်းဒုံးနှစ်လုံးဖြန့်ကြက်ချထားပြီဖြစ်ပါတယ်။ ဧပြီ ၈ ရက်က ဂျပန်ကလည်း မြောက်ကိုရီးယားရဲ့ တိုက်ခိုက်လာမှုကို ကာကွယ်ဖို့ ပက်ထရော့ဒုံးခွင်းဒုံးတွေကို ဖြန့်ကြက်ချထားပြီလို့ ဆိုပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီကိစ္စဟာ ဒေသတွင်းမှာရှိတဲ့ ပြည်သူတွေအတွက်တော့ အတော့ကိုစိုးရိမ်ထိတ်လန့်စရာပါပဲ။ ဒါပေမယ့်လည်း အမေရိကန်နဲ့ တောင်ကိုရီးယားတို့ တစ်ခုခု စလုပ်ပြီဆိုမှ တုံ့ပြန်မယ်လို့ပြောထားတဲ့အတွက် ဒီစစ်ပွဲဟာ တင်းမာမှုတွေ ဖြစ်နေလင့်ကစား ဖြစ်လာနိုင်စရာ အခြေအနေမရှိနိုင်ဘူးလို့ သုံးသပ်မိပါတယ်။

ရင်သားကင်ဆာဝေဒနာသည်များနှင့် အရက်သောက်သုံးခြင်း အကျိုးအပြစ်ကို သုတေသနပြုဖော်ထုတ်

ရင်သားကင်ဆာဖြင့် အသက်ရှင်နေရသူ အမျိုးသမီးများသည် အလွန်အကျွံမဟုတ်သော သာမန်အရက်သောက်သုံးမှုဝဲသင့်သည်ဟု လေ့လာမှုအသစ်တစ်ရပ်တွင် ဖော်ပြထားသည်။ ရင်သားကင်ဆာရောဂါရှိသူများအား အရက်အနည်းငယ်မသောက်သုံးမီနှင့် သောက်သုံးပြီး အခြေအနေတို့ကို စစ်တမ်းကောက်ယူမှုပြုခဲ့ရာ ယင်းကဲ့သို့ အနည်းငယ်သောက်သုံးမှုသည် ကင်ဆာရောဂါရှင်များ၏ အသက်ရှင်ကျန်မှုအပေါ် ဆိုးရွားသောအကျိုးပေးမရှိဟု ဆိုသည်။

စောင့်ကြည့်လေ့လာ

အရက်အနည်းငယ် သောက်လေ့သောက်ထရှိသူ ဝေဒနာရှင်များအား စောင့်ကြည့်လေ့လာမှုပြုလုပ်ခဲ့ရာ ၎င်းတို့သည် အရက်လုံးဝ သောက်လေ့မရှိသူများထက် ရင်သားကင်ဆာကြောင့် သေဆုံးရမှုနှုန်း ၁၅ ရာခိုင်နှုန်းလျော့နည်းသည်ကို တွေ့ရသည်ဟု ဖာရက်ဟက်ချီဆန် ကင်ဆာဗဟိုဌာန ကင်ဆာရောဂါတားဆီးရေးအစီအစဉ်မှ ခေါင်းဆောင်ဖြစ်သူ ပိုလီနယူးကွမ်က ဆိုထားသည်။

ရင်သားကင်ဆာဝေဒနာရှင် အမျိုးသမီးများ အရက်သင့်ရုံ သောက်သုံးပေးပါက အာရုံကြောဆိုင်ရာ ရောဂါဝေဒနာကြောင့် သေဆုံးမှုသည် ၂၅ ရာခိုင်နှုန်းလျော့ကျစေနိုင်ပြီး အခြားရောဂါဝေဒနာကြောင့် သေဆုံးရမှုမှာမူ ၂၀ ရာခိုင်နှုန်းလျော့ကျစေနိုင်သည်ကို ဝေဒနာရှင်အမျိုးသမီးများအား ၁၁ နှစ်ကြာ လေ့လာမှုပြုရာတွင် တွေ့ရှိခဲ့သည်ဟုဆိုထားသည်။ နယူးကွမ်နှင့် အဖွဲ့သည် ရင်သားကင်ဆာဖြစ်ပွားပြီး အသက်ရှင်ကျန်ရစ်သူများနှင့် အရက်သင့်ရုံသောက်သုံးမှုတို့၏ ကောင်းကျိုးဆိုးပြစ်ဆက်စပ်မှုကို လေ့လာခဲ့ရာမှ ယင်းကဲ့သို့ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

“ဒီတွေ့ရှိမှုက ဝေဒနာရှင်များအတွက် ခွန်အားတစ်ရပ်ပါပဲ”ဟု ဝါရှင်တန် တက္ကသိုလ်မှ သုတေသနပါမောက္ခတစ်ဦးလည်းဖြစ်သူ နယူးကွမ်ကဆိုသည်။

လေ့လာမှုပြုလုပ်

“အရက်သေစာသောက်စားခြင်းက ရင်သားကင်ဆာဖြစ်စေနိုင်တယ် ဆိုတာကို အရင်တည်းကသိပြီးသားပါ။ အဲဒီထဲကမှ အသက်ရှင်ကျန်ရစ်တဲ့ ဝေဒနာရှင်တွေကိုချဉ်းကပ်ပြီး ဝေဒနာရှင်တွေ အရက်သောက်သင့်လား မသောက်သင့်ဘူးလားဆိုတာကို လေ့လာမှုပြုလုပ်ခဲ့တာပါ” ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။ နယူးကွမ်သည် ဝေဒနာရှင်အမျိုးသမီး ၂၃၀၀၀ တို့အား ဆယ်စုနှစ်တစ်ခုကျော်ကြာ လေ့လာမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြတ်မွန်ထွေး-ရေးသားသည်

ငွေကုန်ကြေးကျအလွန်နည်းပါးသော အနာဂတ်လေဆာ လက်နက် အမေရိကန် ရေတပ်သင်္ဘောတွင် ဖြန့်ကြက်တပ်ဆင်မည်

ရန်သူ့ ရေယာဉ်ငယ်များနှင့် ထောက်လှမ်းရေး မောင်းသူမဲ့လေယာဉ်များကို အတိဒုက္ခပေးနိုင်စွမ်းသော၊ ပစ်ချဖျက်ဆီးနိုင်စွမ်းသော လေဆာလက်နက်သစ်ကို ပင်လယ်ရေပြင် အခြေစိုက်စခန်းတွင် ထားရှိနိုင်ရန် တီထွင်ပြင်ဆင်လျက်ရှိကြောင်း အမေရိကန်ရေတပ်က ပြောကြားသည်။

ထိုလေဆာလက်နက်ကို ၂၀၁၄ ခုနှစ်တွင်း အသုံးချဖြန့်ကြက်ထားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပင်လယ်ရေပြင်အခြေစိုက်ဖြစ်သော၊ ကုန်းရေနှစ်သွယ် ပို့ဆောင်ရေးသင်္ဘောဖြစ်သော USS Ponce တွင် ယင်းလေဆာစနစ်ကို ဖြန့်ကြက်မည်ဖြစ်ကြောင်း ယူအက်စ်ရေတပ်က သတင်းထုတ်ပြန်သည်။

“လေဆာလက်နက်နဲ့ ရန်သူကို ပစ်ချချေမှုန်းရာမှာ တစ်ခါပစ် တိုက်ရိုက်စွမ်းအင်သုံးစွဲမှုက အမေရိကန် တစ်ဒေါ်လာတောင် ကုန်ကျမှုမရှိပါဘူး။ ဒုံးကျည်တစ်စင်း တစ်ခါပစ်ရင် ဒေါ်လာထောင်ပေါင်းများစွာ ကုန်ကျသည်နဲ့နှိုင်းယှဉ်ပြီး လေဆာလက်နက်ရဲ့ ထောက်ပံ့စွမ်းအားကို မြင်တွေ့ရတော့မှာပါ”ဟု ရေတပ်သုတေသနစခန်း ဥက္ကဋ္ဌ မက်ထရူးကလန်ဒါက ဆိုသည်။

ယင်းလေဆာလက်နက်စမ်းသပ်ဆဲကာလတွင် အောင်မြင်မှုရရှိကြောင်း၊ စွမ်းအင်မြင့် လေဆာလက်နက်ဖြင့် အဝေးထိန်းမောင်းသူမဲ့လေယာဉ်များကို ပစ်ခတ်နိုင်ကြောင်း၊ ယင်းလေဆာလက်နက်သည် ရွေ့လျားပစ်မှတ်များကို ပစ်ချနိုင်ကြောင်း မက်ထရူးက ဆက်လက်ပြောကြားသည်။

ယခုလေဆာလက်နက်တီထွင်မှုနှင့်ပတ်သက်ပြီး ရေတပ်သုတေသနဌာနမှ ပီတာမော်ရစ်ဆန်က အနာဂတ်က လက်တစ်ကမ်းမှာပါဟုဆိုပြီး ခေတ်သစ်စစ်ဘက်ရေးရာကို လုံးဝပြောင်းလဲပစ်နိုင်သော ရှေ့ခြေလှမ်းတစ်ရပ်အဖြစ် လေဆာလက်နက်ကို ညွှန်းဆိုသည်။ ဓား၊ လုံ့သုံးရာဇဝင်စစ်ပွဲများ အားနည်းချက်ကို ယမ်းအစားထိုးသေနတ်ပြောင်း၊ စိန်ပြောင်း စသည်တို့ ဖန်တီးတီထွင်နိုင်ပြီး စစ်ပွဲခေတ်တစ်ရပ်ပြောင်းလဲခဲ့ခြင်း ဥပမာလိုပင် စစ်မက်ရေးရာ ခေတ်သစ်တစ်ခေတ်ဖြစ်သည်ဟု ၎င်း၏သဘောထားကို ဆက်ရှင်းပြသည်။

လေဆာလက်နက်ကို လျှပ်စစ်အားဖြင့် မောင်းနှင်လည်ပတ်စေပြီး လျှပ်စစ်ဓာတ်စီးနေသရွေ့ လေဆာလက်နက်ကို ပစ်ခတ်အသုံးပြုနိုင်သည်။ သင်္ဘောများပေါ် ဖြန့်ကြက်တပ်ဆင်ရာတွင်လည်း အခြားဖောက်ခွဲရေး ဒုံးလက်နက်များထက် များစွာပိုမိုလုံခြုံစိတ်ချရသော လက်နက်ဖြစ်သည်။

ထုတ်လွှင့်ပြသ

ထိုလေဆာလက်နက် စမ်းသပ်အောင်မြင်မှုကို You Tube ဗီဒီယိုဖြင့် အမေရိကန်ရေတပ်က ထုတ်လွှင့်ပြသခဲ့ကြောင်း၊ ယင်းလေဆာလက်နက်တပ်ဆင်ရာ USS Ponce သင်္ဘောကို ပါရှန်းပင်လယ်ကွေ့တွင် ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း သည်နယူးယောက်စ်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

မောင်သံဆင့် – ရေးသားသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

နေရစ္ဆရာမှသည် ရောဝတီသို့

ဦးပညာဝံသ

မြန်မာသက္ကရာဇ် ၁၃၇၅ခုနှစ်သည် မြန်မာနိုင်ငံတွင် စီးပွားရေး၊လူမှုရေးများတိုးတက်ထွန်းကားလာမည့်အောင်စည်နိမိတ်နှစ်သစ်ဖြစ်ပါသည်။ ရှေးသူဟောင်းတို့ ဆိုရိုးစကားတစ်ခုမှာ ဟင်္သာဇလုပ်တာရာကြီးလင်းလာရင်တို့မြန်မာပြည် ဆန်ရေစပါးပေါများကြွယ်ဝကာ သာယာဝပြောတိုးတက်လာတော့မည်ဟူသော စကားပင်ဖြစ်ပါသည်။ ပြိဿရာသီ ၂၈အံသာတွင်ရှိသော ဟင်္သာတာရာရှိ ဟင်္သာဇလုပ်သည် ကောင်းကင်တွင် အလင်းအား ဝ ဒသမ ဝ၈ရှိကာ ထင်ရှားသော ကြယ်တာရာတစ်ခု ဖြစ်ပါသည်။ ဟင်္သာဇလုပ်ကို ဝန်းရံနေသော ဂြိုဟ်သိမ်ဂြိုဟ်မွှားများ နည်းပါးလာချိန်တွင် ထင်ထင်ရှားရှားမြင်တွေ့ရလေ့ရှိရာ ထင်ရှားလာချိန်တွင် မြန်မာနိုင်ငံသာယာဝပြောလာမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထိုဟင်္သာဇလုပ်တာရာသို့ သဘာဝသောမဂြိုဟ်ကြီးဖြစ်သော ကြာသပတေးဂြိုဟ်ကြီးဖြတ်သန်းလာချိန်တွင်လည်း နိုင်ငံတော်စီးပွားရေး လူမှုရေးများတိုးတက်ဖြစ်ထွန်းလေ့ရှိရာ ၁၃၇၅ ခုနှစ် ဗုဒ္ဓနေ့ ကဆုန်လပြည့်နေ့မှ ရက် ၃၀အတွင်းတွင် ဟင်္သာဇလုပ်နှင့် ကြာသပတေးဂြိုဟ်ကြီးတို့ ကောင်းကင်ပြင်တွင် ပူးယှဉ်ကြတော့မည်ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတကြီးအမှူးပြုသော နိုင်ငံတော်အကြီးအကဲများသည် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် မဇ္ဈိမဒေသ မြတ်စွာဘုရားရှင်ပွင့်တော်မူရာ မဟာဗောဓိပုံစံတူ စေတီတော်မြတ်ကြီးအောင်မြင်ပြီးနောက် အောင်ပွဲကြီးသဘင်ဆင်ယင်ကျင်းပတော့မည်ဖြစ်ရာ မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားများနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်အပေါင်းတို့ နှစ်ထောင်းအားရ ဝမ်းမြောက်လှ၍ သာဓုအနုမော်ခေါ် ဆိုကြတော့မည်ဖြစ်ပေသည်။ အမျိုးဘာသာ သာသနာတော်ကြီး နေလိုလလိုထွန်းလင်းတောက်ပပြီး တိုင်းကြီးပြည်ကြီး အသီးသီးတို့ အလေးအမြတ်ပြုရာ နိုင်ငံတော်ကြီးဖြစ်လာမည့် အောင်စည်နိမိတ် (၁၃၇၅)အောင်အတိတ်ပင်ဖြစ်ပါသည်။

၂၀၁၁ခုနှစ် မေလ ၁၁ ရက်တွင် စာရေးသူသည် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံခွင့်ရလေရာ ပြည်ပနိုင်ငံတစ်ခုတွင် ဧက ၁၀၀၀ ကျယ်ဝန်းသည့် မြေပေါ်တွင် သာသနာ့ရိပ်သာတရားစခန်းများ ဆောက်လုပ်ကာ လူဦးရေ ၁၀သိန်း တစ်ပြိုင်နက်အားထုတ်နိုင်သော ရိပ်သာများရှိကြောင်း တင်ပြဖူးပါသည်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ တရားစခန်းဖွင့်နိုင်မည့် နေရာရှာဖွေရာတွင် နေပြည်တော်၏ လက်ဝဲ-လက်ယာတွင် အရိမဒ္ဒန ပုဂံပြည်ကို တည်ထောင်တော်မူသော သမုဒ္ဒရာဇ်မင်းမြတ်၏ ရန်အောင်မြင်ဘုရားကို လက်ယာထား၍လက်ဝဲဘက်အရပ်ဖြစ်သော ရှမ်းတောင်တန်းရှခင်းများနှင့် ကြည်နူးဆွတ်ပျံ့ဖွယ်ရာကောင်းလှသည့် နေပြည်တော်နှင့် တပ်ကုန်းမြို့အကြားတွင် မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရန် ဗုဒ္ဓမြတ်စွာ သာသနာတွင် ပထမဆုံး ဆောက်လုပ်လှူဒါန်းတော်မူသည့် ဝေဠုဝန်ကျောင်းတော်ရာရှိရာ နှလုံးမွေ့လျော်ပျော်ဖွယ်ရာရှိလှသော တောင်ငါးလုံးကာခို ရာဇဂြိုဟ်ကဲ့သို့ သာယာလှပသော ယခုသတ္တဌာနတည်ရာ အရပ်ဒေသကို ရှာဖွေတွေ့ရှိကြပါသည်။

၂၀၁၁ ခုနှစ် မေလ ၂၆ ရက်နေ့တွင် သတ္တဌာန သာသနာ့ရိပ်သာနေရာကို ပန္နက်တင်မင်္ဂလာပြု၍ မြန်မာပြည်ကြီးအေးချမ်းသာယာပြီး ဘေးအန္တရာယ် ကင်းဝေးနိုင်ပါရန် ပဋ္ဌာန်း ၂၄ ပစ္စည်းကို အာရုံပြုကာ ကမ္မဋ္ဌာန်းကျောင်း ၂၄ ဆောင်နှင့် အလျား ပေ ၁၃၀ ကျော် ဆွမ်းစားကျောင်း၊ အလျား ပေ ၁၈၀ ကျော်သည့် ဓမ္မာရုံကြီးတို့ကို နတ်တို့ဖန်လာ ဝေဇယန္တာပြာသာဒ်ကဲ့သို့ တင့်တယ်လှပအောင် ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

သတ္တဌာန သာသနာ့ရိပ်သာသို့ ၂၀၁၁ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးကြွရောက်ပြီး ရိပ်သာ၏အရှေ့အရပ်တွင် မြတ်စွာဘုရားပွင့်တော်မူရာ သတ္တဌာနအပါအဝင် ဗောဓိပင်ရွှေပလ္လင်၌ မဟာဗောဓိဘုရားကြီးကို တည်ထားကိုးကွယ်ရန် လမ်းညွှန်မိန့်ကြားလာပါသည်။ မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာအောင် နိုင်ငံတော်တစ်နံတစ်လျားတွင် သီရိဓမ္မသောကမင်းကြီး၏ သမီးတော် သင်္ဃမိတ္တာထေရီမ၏ သီဟိုဠ်ကျွန်းမှ မဟာဗောဓိ(ရှစ်ပင်)ကို စိုက်ပျိုးပူဇော်မည်ဟု ကြားသိရသည့်အချိန်တွင် ရင်တွင်းဝယ် ဖော်မပြနိုင်သော ဝမ်းသာကြည်နူးမှုကိုခံစားရကာ သာသနာ့ဒါယကာ ရှေးဘုရင်မင်းမြတ်များကဲ့သို့ပင် လုပ်ဆောင်နိုင်ပါတကားဟု သာဓုအနုမောဒနာ ခေါ်ဆိုရပါတော့သည်။ စာရေးသူက ပတ္တမြားအဖြူဟု ရှေးဆရာတော်ကြီးများ မိန့်ဆိုတော်မူလေ့ရှိသည့် စကျင်ကျောက်များကို များများအသုံးပြုပေးပါရန် တင်ပြခဲ့ပါသည်။ အင်ဂျင်နီယာတစ်ဦးဖြစ်သော အားကစားဝန်ကြီးအားလည်း သဲကျောက်များ ပုဂံနှင့်ပခုက္ကူနယ်တွင် ပေါပေါများများရှိ၍ ဘုရားကြီးတွင်အသုံးပြုရန် လမ်းညွှန်မှုပေးခဲ့သည်များကိုလည်း အမှတ်ရရှိနေပါတော့သည်။

၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးနှင့်တကွ အကြီးအကဲများတက်ရောက်ကာ သတ္တဌာနမဟာဗောဓိစေတီတော် ဌာပနာပွဲကို ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံတစ်နံတစ်လျားတွင်လည်း တိုင်းပြည်အေးချမ်းသာယာပါစေကြောင်း ဗောဓိပင်ရှစ်ပင်ကို စိုက်ပျိုးပူဇော်ခဲ့ကြပါသည်။

နှစ်နှစ်တာ အချိန်ကာလအတွင်း ပြည်သူပြည်သားများနှင့် နိုင်ငံတော်အကြီးအကဲများ၏ လှူဒါန်းငွေဖြင့် သတ္တဌာန သာသနာ့ဌာနီကြီးကိုလည်း တည်ထားပြီးမြောက်တော့မည်ဖြစ်ရာ နိုင်ငံရေး၊ စီးပွားရေးနှင့် အမျိုးစုံသော အကျပ်အတည်းကြားမှ အမျိုးဘာသာသာသနာရေးအတွက် ရတက်မအေးဆောင်ရွက်တော်မူကြသည့် နိုင်ငံတော်အကြီးအကဲများကို တိုင်းစောင့်ပြည်စောင့် သာသနာတော်စောင့်နတ်မင်းကြီးနှင့် ရဟန်းရှင်လူပြည်သူအများ၏ သာဓုသံသည် အထက်ဘဝဂ်သို့ ညံတော့မည်ဖြစ်ပါသည်။ အောင်စည်နိမိတ် အောင်အတိတ်ဖြင့် အောင်စည်တီးလို့ ရွှေထီးတော်တင်ဟူသော နိမိတ်တဘောင်အရ ၁၃၇၄ ခုနှစ်မှ ၁၃၇၅ ခုနှစ်သို့ ပြောင်းသည့် နှစ်သစ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် အောင်ကြောင်း မင်္ဂလာအဖြာဖြာတို့ဖြင့် ပြည့်စုံပါစေသတည်းဟု နှစ်သစ်မင်္ဂလာတွင် မေတ္တာရေသွန်းလောင်းရပါသည်။

ကိုယ်စိတ်နှစ်ပါးချမ်းမြေ့ကြပါစေ။

၂၀၁၁ ခုနှစ် မေလ ၂၆ ရက်နေ့တွင် သတ္တဌာန သာသနာ့ရိပ်သာနေရာကို ပန္နက်တင်မင်္ဂလာပြု၍ မြန်မာပြည်ကြီးအေးချမ်းသာယာပြီး ဘေးအန္တရာယ် ကင်းဝေးနိုင်ပါရန် ပဋ္ဌာန်း ၂၄ ပစ္စည်းကို အာရုံပြုကာ ကမ္မဋ္ဌာန်းကျောင်း ၂၄ ဆောင်နှင့် အလျားပေ ၁၃၀ ကျော် ဆွမ်းစားကျောင်း၊ အလျားပေ ၁၈၀ ကျော်သည့် ဓမ္မာရုံကြီးတို့ကို နတ်တို့ဖန်လာ ဝေဇယန္တာပြာသာဒ်ကဲ့သို့ တင့်တယ်လှပအောင် ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ကျေးလက်ဒေသများသို့သောက်သုံးရေဖြန့်ဝေလှူဒါန်း

ပန်းတောင်း ဧပြီ ၁၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် နွေရာသီကာလ အပူရှိန်မြင့်မားမှုကြောင့် ကျေးလက်ဒေသများဖြစ်သော တောင်ဘို့ကြီးကျေးရွာ၊ မြေဝါကုန်းကျေးရွာ၊ ရေတွင်းလှကျေးရွာ၊ တဲကုန်းကျေးရွာ၊ ပေပင်ကျေးရွာ၊ သပြေကုန်းကျေးရွာနှင့် သဲဖြူကျေးရွာတို့ရှိ ရေတွင်းရေကန်များ ခန်းခြောက်ကာ သောက်သုံးရေအခက်အခဲများနှင့် ရင်ဆိုင်နေရသောကြောင့် ဧပြီ ၄ ရက်မှစ၍ ယနေ့တိုင် ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်း ဦးဆောင်၍ တပ်ဖွဲ့ဝင်အား ၁၂ ဦးနှင့် ရေဂါလန် ၁၇၀၀ ဆံ့ မီးသတ်ယာဉ်ဖြင့် နေ့စဉ်နှစ်ခေါက်နှုန်းဖြင့်လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမြင့် ဦးဆောင်၍ ဉာဉ်ချစ်ပင်ဈေးသူဈေးသားများ အလှူရှင်များမှ ရေဂါလန် ၈၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် တစ်နေ့လျှင် နှစ်ခေါက်နှုန်းဖြင့်လည်းကောင်း နေ့စဉ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **အောင်မြင့်**

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

နှင်းဆီကုန်းတိုးတွားရိပ်သာကြီး
နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

(၄၁)နှစ်ပြည့် မွေးနေ့ဆုတောင်း

မိသားစုဘဝ အမြဲသာယာလှပပြည့်စုံအောင် ဦးစားပေးတတ်သည့် မောင့်ရဲ့ ၁၇-၄-၂၀၁၂ ရက်တွင် ကျရောက်မည့် (၄၁)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ချစ်တဲ့ မိသားစုနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေလို့ ဆန္ဒပြုရင်း-

ချစ်ဇနီး-မိတလုတ်၊ သမီး-တုတ်တုတ်၊ သား-တုန်တုန်

အိမ်နှင့်ခြံ ရောင်းမည်

အင်းစိန်မြို့နယ်၊ ရှမ်းကုန်းလမ်း၊ အကျယ် ၃၄ ပေ x ပေ ၁၈၀ကျော် လုံးချင်းတိုက်နှစ်လုံးပါ။ (ညှိနှိုင်းဈေး)

ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၀၅၃၉၃၈၉၊ ၀၉-၅၀၃၃၉၂၀

KMD Group of Companies

နှစ်သစ်ဆုမွန်လွှာ

၁၃၇၄ခုနှစ် နှစ်သစ်ကူးအခါသမယတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်း

ရွှင်လန်းချမ်းမြေ့ပါစေကြောင်းနှင့် ICT ပညာရပ်များ ပိုမိုတိုးတက်ထွန်းကားပါစေကြောင်း

ဆုမွန်ကောင်းများတောင်းလျှက်

KMD DCD MRS KMD mobile

Paragon Hotel

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ သမ္မတအိမ်တော်ဝင်း မိသားစု မဟာသကြၤန်ရေကစားမဏ္ဍပ် ယိမ်းအဖွဲ့များ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း မြန်မာ့ရိုးရာ မဟာသကြၤန်ရေသဘင်ပွဲတော်အကြတ်နေ့ ပါဝင်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဧပြီ ၁၅ ရက် (မဟာသကြၤန်အကြတ်နေ့) နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် မြက်ခင်းပြင်၌ ကျင်းပသည့် ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန်ရေသဘင်ပွဲတော်၌ ပါဝင်ဆင်နွှဲကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် နံနက် ၉ နာရီတွင် သမ္မတအိမ်တော်ဝင်း မိသားစုမဟာသကြၤန်ရေကစားမဏ္ဍပ်သို့ ရောက်ရှိလာကြရာ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများနှင့် နိုင်ငံတော်သမ္မတရုံး မိသားစုများက အောင်စံပယ်ပန်းကုံးများဖြင့် ဂါရဝပြုကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မိသားစုများနှင့်အတူ ယိမ်းအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များ၏ ခါသကြၤန်အဆိုအကများဖြင့် သီဆိုကပြ ဖျော်ဖြေမှုကိုလည်းကောင်း၊ သရုပ်ဆောင် မျိုးမျိုးခိုင်ဦးစီးသည့် "ရှင်လိမ်တာတွေသိပြီ" သကြၤန်သံချပ်အဖွဲ့၏ ခေတ်ကိုထင်ဟပ်သည့် သကြၤန်သံချပ်များဖြင့် ဖျော်ဖြေတင်ဆက်မှုကိုလည်းကောင်း ကြည့်ရှု၍ လိုက်လိုက်လှဲလှဲ အားပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဒုတိယသမ္မတနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့က တက်ရောက်လာကြသူများနှင့် အနုပညာရှင်များအား အတာရေဖြင့် ပက်ဖျန်းကြသည်။

သမ္မတအိမ်တော်ဝင်း ရေကစားမဏ္ဍပ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ ဝန်ကြီးဌာနများနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ ယိမ်းအဖွဲ့များနှင့် တေးသံရှင်များ၊ ရုပ်ရှင်အနုပညာရှင်များနှင့် တေးသံရှင်များက ခါသကြၤန်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြန်မာ့ရိုးရာမဟာသကြၤန်ရေသဘင်ပွဲတော်အား တက်ရောက်လာကြသူများနှင့်အတူတကွ ဆင်နွှဲကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ဒုတိယသမ္မတနှင့် ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်ထောင်စု တရားသူကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဇနီးတို့က သီဆိုကပြ ဖျော်ဖြေကြသည့် ယိမ်းအဖွဲ့များ၊ အနုပညာရှင်များနှင့် သကြၤန်သံချပ်အဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစ္စရေးနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၆

၂၀၁၃ ခုနှစ် ဧပြီ ၁၆ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ (၆၅)နှစ်မြောက်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အစ္စရေးနိုင်ငံသမ္မတ မစ္စတာ ရှီမွန်ပဲရေ့စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ထားဝယ်မြို့ ပေါ်ရပ်ကွက်များတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသကြၤန်ပွဲတော်များ စည်ကားသိုက်မြိုက်စွာကျင်းပ

ထားဝယ် ဧပြီ ၁၆

နှစ်သစ်ဦးအခါသမယကို ကြိုဆိုသောအားဖြင့် ဧပြီ ၁၄ ရက် နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပိတောက်ရွှေဝါရေကစား မဏ္ဍပ်၌ စတိတ်ရှိုးကဏ္ဍများ၊ ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် အဖွဲ့ဝင်များက တက်ရောက်ကြည့်ရှုအားပေးပြီး ယိမ်းအဖွဲ့များအား ဆုငွေများချီးမြှင့်သည်။

ထို့နောက် ည ၈နာရီတွင် ရွှေစင်မဏ္ဍပ်၌ စတိတ်ရှိုးကဏ္ဍများ၊ သံချပ်အဖွဲ့နှင့် ယိမ်းအဖွဲ့များက ၁၀ နာရီထိ သီဆိုကပြဖျော်ဖြေကြသည်။

အဆိုပါမဏ္ဍပ်များသို့ မြို့ပေါ်ရပ်ကွက်များနှင့် အမြို့မြို့အနယ်နယ်မှ ဝါသနာရှင်များက အေးချမ်းပျော်ရွှင်စွာဖြင့် လာရောက်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၄-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၅း၀၀	ပဋ္ဌာန်းပါဠိတော် **ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်**
၅း၂၀	MRTV-4 သတင်း
၅း၄၀	နှစ်သစ်အခါမင်္ဂလာ တရားတော်(ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမရှိလို့မဖြစ်** (အပိုင်း-၃၃)
၇း၃၀	MRTV-4 သတင်း
၇း၅၀	ကမ္ဘာ့ဥနစတိရိယဆရာတော် ဦးသုနန္ဒရမွေးနေ့အလှူနှင့် ရှင်(၅၁)ပါးရှင်ပြု အလှူတော်မင်္ဂလာ
၈း၃၀	Happy Time Happy Lesson
၁၁း၀၀	၂၀၁၃ မဟာသကြၤန်မြင်ကွင်းများ
၁၁း၃၀	ထာဝရသကြၤန် ၂၀၁၃မြင်ကွင်းများ
၁၂း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်ခြင်းမှပေးစွမ်းသော** (အပိုင်း-၂၃)
၂း၀၀	MRTV-4 သတင်း
၃း၀၀	ထာဝရသကြၤန် ၂၀၁၃ နှစ်ဦးအလှူ
၅း၀၀	ကမ္ဘာ့ဥနစတိရိယဆရာတော် ဦးသုနန္ဒရမွေးနေ့အလှူနှင့် ရှင်(၅၁)ပါးရှင်ပြု အလှူတော်မင်္ဂလာ
၆း၀၀	MRTV-4 သတင်း
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမရှိလို့မဖြစ်** (အပိုင်း-၃၄)
၇း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နေလဆုံရာရွှေဖူးစာ** (အပိုင်း-၁)
၇း၃၀	ဟင်းချက်ရအောင်
၈း၀၀	MRTV-4 သတင်း
၈း၁၅	နှစ်ဆန်းတစ်ရက်နေ့မြင်ကွင်း
၁၁း၅၀	ဟသ်ာတမြို့မှ အထင်ကရနေရာများ
၂း၅၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်

ပြည်တွင်းသတင်း

၁၃၇၄ ခုနှစ် နေပြည်တော်မဟာသင်္ကြန် ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၁၆

၁၃၇၄ ခုနှစ် နေပြည်တော်မဟာသင်္ကြန်ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရှိ နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန် ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲဝင် ယိမ်းအကအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယိမ်းအကပြိုင်ပွဲများအတွက် ဆုများချီးမြှင့်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဆုချီးမြှင့်ခြင်း အခမ်းအနားကို စတင်ကျင်းပသည်။

ဆုများ ပေးအပ်ချီးမြှင့်ရာတွင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာကံဇော်နှင့် ဦးဌေးအောင်တို့က ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် နှစ်သိမ့်ဆုများရရှိကြသည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယိမ်းအသင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ယိမ်းအသင်း၊ သိဏ်းဆောက်လုပ်ရေးကုမ္ပဏီ ယိမ်းအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ယိမ်းအသင်းနှင့် အကျဉ်းဦးစီးဌာန ယိမ်းအသင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ယိမ်းအသင်းတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးပိုက်ထွေး၊ ဦးဟံစိန်နှင့် ဒေါ်စန္ဒာခင်တို့က ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် နှစ်သိမ့်ဆုများရရှိကြသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ယိမ်းအသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ယိမ်းအသင်း၊ သဲဖြူတပ်နယ်ယိမ်းအသင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ယိမ်းအသင်း၊ လယ်ဝေးမြို့နယ် အမျိုးသမီးရေးရာယိမ်းအသင်း၊ ဇလောတပ်နယ် ယိမ်းအသင်း၊ တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ် ယိမ်းအသင်းနှင့် သာသနာရေးဝန်ကြီးဌာန ယိမ်းအသင်းတို့အားလည်းကောင်း။

၁၃၇၄ ခုနှစ် နေပြည်တော်မဟာသင်္ကြန် ပိတ်ပွဲအခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရှေ့ရှိ နေပြည်တော် မြို့တော်ဝန်မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး နေပြည်တော်မြို့တော်ဝန်ဦးသိန်းညွန့် ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာန ယိမ်းအသင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် ဒသမဆုရရှိသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ယိမ်းအသင်း၊ နဝမဆုရ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ယိမ်းအသင်းနှင့် အဋ္ဌမဆုရ နေပြည်တော်တိုင်းစစ်ဌာနချုပ်ယိမ်းအသင်းတို့အားလည်းကောင်း။

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ၁၆ ဦးယိမ်းအကပြိုင်ပွဲတွင် သတ္တမဆုရရှိသည့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီယိမ်းအသင်းနှင့် ဆဋ္ဌမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ယိမ်းအသင်းတို့အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ပြီး ပဉ္စမဆုရရှိသည့် ဟိုတယ်ရွှေပြည်တော် ယိမ်းအသင်းအား ဂုဏ်ပြုဆုဖလားနှင့်ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် စတုတ္ထဆုရပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ယိမ်းအသင်း၊ တတိယဆုရ Moon Ray Company ယိမ်းအသင်းနှင့် ဒုတိယဆုရ ရွှေညော့်သည်ဟိုတယ် ယိမ်းအသင်းတို့အား ဂုဏ်ပြုဆုဖလားများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး မြို့တော်ဝန်ဦးသိန်းညွန့်က ၁၆ ဦး ယိမ်းအကပြိုင်ပွဲတွင် ပထမဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာန ယိမ်းအသင်းအား ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ပြီး ၁၃၇၄ ခုနှစ် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကြီးအားခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ခဲ့ခြင်းအတွက် ACE ဆောက်လုပ်ရေးကုမ္ပဏီအား အထူးဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ၁၃၇၄ ခုနှစ် မဟာသင်္ကြန်ပွဲတော် မြို့တော်ဝန်သင်္ကြန်မဏ္ဍပ်ကြီးတွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အသိပညာရှင် အတတ်ပညာရှင်များ၊ တေးဂီတပညာရှင်များ၊ အနုပညာရှင်များ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အခမ်းအနားမှူးနှင့် တေးသံရှင်များ၊ အကဲဖြတ်အမှတ်ပေး ဒိုင်လူကြီးများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ၁၃၇၅ ခုနှစ်တွင် ဘေးဘယာကင်းကွာပြီး ကျန်းမာရွှင်လန်းချမ်းမြေ့စွာ စိတ်သစ်၊ လူသစ်၊ အင်အားသစ်များဖြင့် လျှောက်လှမ်းသွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းပို့သပြီး ၁၃၇၄ ခုနှစ် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းကြောင်း ကြေညာသည်။

ထို့နောက် ၁၃၇၄ ခုနှစ် နေပြည်တော် မဟာသင်္ကြန်ကို အောင်မြင်စွာ ပိတ်သိမ်းသည့်အနေဖြင့် ပြိုင်ပွဲဝင်ယိမ်းအသင်းများက ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များနှင့်တွဲဖက်၍ မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုကပြဖျော်ဖြေနှုတ်ဆက်ကြသည်။

ဆက်လက်၍ ၁၆ဦး ယိမ်းအကပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရ ယိမ်းအသင်းများက နေပြည်တော် မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာဆင်ယင်ကျင်းပနိုင်ခဲ့သည့် အထိမ်းအမှတ်အဖြစ်ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့် တွဲဖက်ကာ တေးသီချင်းများ ယိမ်းအကအလှများဖြင့် ပြန်လည်ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

ရေကစားမဏ္ဍပ်တွင် ဂီတမှူးဝဏ္ဏခေါင်းဆောင်သော တေးဂီတအဖွဲ့နှင့် တွဲဖက်၍ ရုပ်ရှင်သရုပ်ဆောင်များ၊ တေးသံရှင်များနှင့် ယိမ်းအကအဖွဲ့များကသင်္ကြန်သီချင်း၊ သင်္ကြန်အက အလှများဖြင့် သီဆိုကပြဖျော်ဖြေ တင်ဆက်ကြသည်။

နေပြည်တော် အက်ဖ်စီမိသားစုရေကစားမဏ္ဍပ်တွင် Straight Line တေးဂီတအဖွဲ့နှင့်တွဲဖက်ပြီး ရုပ်ရှင်သရုပ်ဆောင်များ၊ တေးသံရှင်များနှင့် ယိမ်းအကအဖွဲ့များက သင်္ကြန်သီချင်း၊ သင်္ကြန်အက အလှများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာတွင် ပြည်သူချစ်သော အနုပညာရှင်များက ပါဝင်အားဖြည့် ဖျော်ဖြေတင်ဆက်ကြသဖြင့် ပရိသတ်များ ကျေနပ်အားရပျော်ရွှင်နေကြသည်။

ထို့အတူ ရွှိုင်ရယ်ကုမုဒြာဟိုတယ်မိသားစု ရေကစားမဏ္ဍပ်တွင် Union Four တေးဂီတအဖွဲ့နှင့်တွဲဖက်ပြီး ရုပ်ရှင်သရုပ်ဆောင်များ၊ တေးသံရှင်များနှင့် ယိမ်းအကအဖွဲ့များက သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည့်အပြင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ယိမ်းအကများ၊ အပျိုတော်အကများ၊ ဇော်ကများဖြင့် ပါဝင်အားဖြည့်ပြီး မြိုင်မြိုင်ဆိုင်ဆိုင်ကပြ ဖျော်ဖြေတင်ဆက်ကြသဖြင့် ပရိသတ်အကြိုက်တွေ့သောကြောင့် ပွဲစည်ခဲ့သည်။

ရွှေသံလွင်ကုမ္ပဏီ Sky Net မိသားစုရေကစားမဏ္ဍပ်တွင်လည်း ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်ပြီးရုပ်ရှင်သရုပ်ဆောင်များ၊ တေးသံရှင်များနှင့် ယိမ်းအကအဖွဲ့များ၊ Dancer အဖွဲ့များနှင့် သံချပ်အဖွဲ့များက သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ အမေများယိမ်းအဖွဲ့၊ အစ်မများယိမ်းအဖွဲ့နှင့် သံချပ်အဖွဲ့များ၏ အကအလှနှင့် ဟာသသရုပ်ဖော်ကကွက်များကို ပရိသတ်အကြိုက်တွေ့ခဲ့သလို နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်များ၊ တေးသံရှင်များနှင့် Dancer အဖွဲ့က မြူးကြွသည့်တီးလုံးများဖြင့် သီဆိုကပြဖျော်ဖြေချိန်တွင် ပရိသတ်များကလည်း ဖျော်ဖြေတင်ဆက်သူများနှင့်အတူ လွတ်လပ်ပျော်ရွှင်စွာ သံပြိုင်လိုက်ဆို ကခုန်နေသည်မှာ မိုးပေါ်ခုန်တက်မတတ်ပင် ဖြစ်သည်။

Sky Net မိသားစုက စတုဒိသာမဏ္ဍပ်ဖွင့်လှစ်ပြီး သင်္ကြန်ပွဲတော် လာရောက်နွဲပျော်ကြသူများအားလုံးကို မုန့်လုံးရေပေါ်၊ အအေးနှင့် ထမင်းများ ယနေ့တွင်လည်း တစ်နေကုန်ဒါနပြုကျွေးမွေးနေသည်။ အကြိုနေ့မှစ၍ လာရောက်သူများကို အယုတ်၊ အလတ်၊ အမြတ်မရွေး အလျှံပယ် ကျွေးမွေးနေသည်မှာ သတင်းအဖွဲ့၏ မျက်မြင်ဖြစ်၍ လူတိုင်းအတွက် မုဒိတာပွားစရာ၊ အားရ၊ အားကျစရာကောင်းလွန်းလှသည်ဟု ခံစားမိနေသည်။

နေပြည်တော် မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် စန္ဒရားကွန်းဇော်တေးဂီတအဖွဲ့နှင့်ယဉ်ကျေးမှုဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းအဖွဲ့တို့ တွဲဖက်ပြီး ရုပ်ရှင်သရုပ်ဆောင်များ၊ တေးသံရှင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များ၊ ဝန်ကြီးဌာနများ၊ ဟိုတယ်လုပ်ငန်းများနှင့် ကုမ္ပဏီများမှ ပြိုင်ပွဲဝင်ယိမ်းအကအဖွဲ့များက ဖျော်ဖြေတင်ဆက်ကြသည်။ အနုပညာရှင်များက သင်္ကြန်သရုပ်ကို မြူးမြူးကြွကြွဖော်ကျူးတင်ဆက်နိုင်သလို ပြိုင်ပွဲဝင် ယိမ်းအကအဖွဲ့များကလည်း အရောင်အသွေးစုံလင်လှသည့် တူညီဝတ်စုံများကို ဝတ်ဆင်ပြီး ကကြိုးကကွက်စုံစုံလင်လင်ဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေတင်ဆက်ကြရာ ညီညာလွန်းလှသည့် အပြင်မြင်ရသူများအဖို့ ရောင်စုံပန်းခင်းကြီးထဲရောက်နေသလိုခံစားကြည်နူးမိမည်ဟု တွေးထင်မိသည်။

နေပြည်တော်မဟာသင်္ကြန်တွင် သင်္ကြန်ချစ်သူပြည်သူများနှင့်အတူ ပြည်သူချစ်သော နိုင်ငံကျော် အနုပညာရှင်များနှင့် တေးသံရှင်များဖြစ်ကြသည့် နေအောင်၊ ဇင်ဝိုင်း၊ ရဲအောင်၊ ဖိုးသောကြာ၊ နေတိုး၊ ကျော်ကျော်ဗို၊ စိုးရန်အောင်၊ ထွန်းထွန်း၊ မင်းမော်ကွန်း၊ ဟက်ကက်၊ မေသန်းနု၊ ပပဝင်းခင်၊ မိုးယုစံ၊ ဝါဆိုမိုးဦး၊ ချစ်သုဝေ၊ လားရှိုးသိန်းအောင်၊ စိန်ဝင်းထွန်း၊ ဘိုဖြူ၊ Lလွန်းဝါ၊ ကျားပေါက်၊ မိုးမိုး၊ ထူးအယ်လင်းတို့က ပါဝင်ဆင်နွှဲကြပြီး သင်္ကြန်ရက်အားလုံး နေ့ရောညပါ မနားမနေအားပါးတရ ဖျော်ဖြေတင်ဆက်ကြသည့်အတွက် ရေကစားမဏ္ဍပ်များရှိရာ နေပြည်တော် ရာဇသင်္ဂဟလမ်းမကြီးတစ်လျှောက်တွင် ရေကစားကြသူများဖြင့်ပြည့်လျှံနေသည်ကို မြင်တွေ့ရသည်မှာ ပြောမပြတတ်အောင်ပင် ကြည်နူးဝမ်းသာ ဖြစ်ရသည်။

မဟာသင်္ကြန်အတက်နေ့က နေပြည်တော်ရေပန်းဥယျာဉ်တွင် အပန်းဖြေသူများ၊ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

အလားတူ နေပြည်တော်မှ အထွက် ပင်လောင်းလမ်းဆုံမှစတင်ကာ ရေဆင်းဘက်အထိလမ်းတစ်လျှောက်အစုအဖွဲ့လေးများနှင့် ရေပက်ကစားနေကြသည့် ကလေးသူငယ်များ၊ လူငယ်လူရွယ်များကို လမ်းဘေးဝဲယာတွင် တွေ့ရသည်။ ခရီးသည်တင်ကားများ၊ ရေပက်ခံကားများ စဉ်ဆက်မပြတ်သွားလာနေသည်မို့ ရေပက်သူတို့လက်မလည်နိုင်အောင် ရေပက်ကစားရင်း ပျော်ရွှင်မဆုံး တပြုံးပြုံးမျက်နှာလေးများကို တွေ့ရသည်။ မျက်နှာချင်းဆိုင်ဆုံကြသည့်အခါတိုင်း အပြန်အလှန်နောက်ပြောင် ကျီစယ်နှုတ်ဆက်ကြသည့် ရေပက်ကစားထွက်သည့် ယာဉ်များပေါ်မှအသံများသည် သင်္ကြန်ကိုပိုမိုသက်ဝင် လှုပ်ရှားစေသည်။

နေပြည်တော် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ပြကွက်များတွင် မဏ္ဍပ်ငယ်လေးများဆောက်၍ ရေပက်ကစားကြသည်ကိုလည်း တွေ့ရသည်။ မြူးကြွသည့် တေးသီချင်းများနှင့်အပြိုင် သွက်လက်ပျော်ရွှင်စွာ ကခုန်နေကြသည့် လူငယ်များကို နေရာအနှံ့တွေ့မြင်ရပြီး အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူ စားသောက်နေသည့် မိသားစုများစွာကိုလည်း ဆိုင်ထဲတွင် မြင်တွေ့ရသည်။ ပြကွင်းပြကွက်အလိုက် မဏ္ဍပ်ငယ်လေးများဖြင့် ရေပက်ကစားကြရာတွင် မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ပြကွက်များတွင် အထူးစည်ကားများပြားသည်ကို တွေ့ခဲ့ရသည်။

ထို့အတူ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်တို့၌လည်း ရေပက်ခံကစားရာမှခေတ္တ အနားယူ အပန်းဖြေကြသူများဖြင့် စည်စည်ကားကားတွေ့ရသည်။ ဆင်လိမ္မာများ အုပ်စုဖွဲ့ကာဆင်အကကပြခြင်း၊ ပရိသတ်များ၏ လက်များကို ၎င်းတို့၏နှာမောင်းများဖြင့် လှမ်းတို့ထိကာ အစာတောင်းခြင်းများကို ပြုလုပ်ကြသည့်အခါ ပရိသတ်များ ကအံ့သြဝမ်းသာစွာ ကြည့်ရှုအားပေး အစာကျွေးကြသည်ကို တွေ့ရသည်။

အလားတူ လေ့ခွင်းတောင်၊ နေပြည်တော် ရေပန်းဥယျာဉ်စသည့် အပန်းဖြေအနားယူရာ နေရာဌာနများတွင်လည်း ရေပက်ကစားသူတို့က စိတ်အေးချမ်းသာစွာ လာရောက်အပန်းဖြေကာ ယခုနှစ်အတာသင်္ကြန်အကြတ်နေ့ကို ကျက်သရေရှိရှိ စည်းကမ်းရှိရှိဖြင့် ဆက်လက်ပါဝင်ဆင်နွှဲခဲ့ကြသည်မှာ ကြည်နူးပီတိဖြစ်ဖွယ် မြင်ကွင်းများပင် ဖြစ်ပါသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

❖ *ကျောဖုံးမှ*

ပါဝင်ဆင်နွှဲခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေသဘင်ပွဲတော်တွင်ကမ္ဘာလှည့်ခရီးသည်များလည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသည်ကို တွေ့ရသည်။

မဟာသင်္ကြန်အတက်နေ့များ၏ သဘာဝအတိုင်း ယနေ့ကျရောက်သည့်သင်္ကြန်အတက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး ယခင်ရက်များကထက် ပိုမိုစည်ကားသည်ကို တွေ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ကျုံးကြီးလမ်း၊ ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ ကန်တော်ကြီး ကန်ပတ်လမ်းစသည့် လမ်းမကြီးများ၌ ရေပက်ခံကားများ ပိုမိုများပြားသည်ကို တွေ့ရသည်။ မဟာသင်္ကြန် နောက်ဆုံးရက်တွင် အချို့ရေပက်မဏ္ဍပ်များမှာ ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၊ တက်သစ်စကြိုက်တေးများ၊ ပရိသတ်အကြိုက်တေးများကို သီဆိုဖျော်ဖြေခဲ့ရာ အားပေးသူ အထူးများပြားသည်ကို တွေ့ရသည်။ ယနေ့နံနက်ပိုင်းတွင်လည်း နံနက် ၈ နာရီမှစ၍ ယိမ်းအဖွဲ့များ၊ စင်တင်တေးဂီတများဖြင့် ဖျော်ဖြေရာ လာရောက်ကြည့်ရှုအားပေးသူများနှင့် ရေကစားသူများ အထူးပင် များပြားစည်ကားပြီး အေးချမ်းပျော်ရွှင်စွာဖြင့် မဟာသင်္ကြန်အတက်နေ့ကို ဆင်နွှဲကြသည်။

ယနေ့ သင်္ကြန်အတက်နေ့တွင် ရေကစားသူ ပိုမိုများပြားသကဲ့သို့ စတုဒိသာ ကျွေးမွေးလှူဒါန်းမှုများလည်း အထူးများပြားသည်ကို တွေ့ရသည်။ ကုန်သည်လမ်းနှင့် (၃၅) လမ်းထောင့်၌ သီးစုံဒံပေါက်ဒါနပြုနေသည့် ကိုဗိုလ်တင့်၊ မနီလာတို့က "သင်္ကြန်အကြိုနေ့ကတည်းက စတုဒိသာကျွေး ဒါနပြုနေတာပါ။ ထိုင်စားနိုင်အောင်လည်း စီစဉ်ထားပါတယ်၊ ယူသွားလိုသူတွေအတွက်လည်း ဖော့ဘူးတွေနဲ့ ထည့်ပေးပါတယ်"ဟု ရှင်းပြသည်။

လမ်းမတော်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၌ နဂါးထွန်းထွန်းကုန်စုံဆိုင်မိသားစုက သာဂူဒါနပြုနေသည်ကို တွေ့ရသည်။ "ဒီနှစ်ထူးခြားတာကတော့ အလှူဒါနပြုသူတွေဟာ တစ်ရက်၊ နှစ်ရက်ဒါနပြုတာမဟုတ်ဘဲသင်္ကြန်အကြိုနေ့ကနေ အတက်နေ့အထိ နေ့တိုင်း နေ့တိုင်း ဒါနပြုတာကို တွေ့ရတာပါပဲ"ဟု သာဂူယူနေသူ တစ်ဦးကလည်း ရှင်းပြသည်။

သင်္ကြန်အတက်နေ့က ကမ္ဘာအေးစေတီလမ်းတစ်လျှောက် ရေပက်ခံကားများ ရေပက်ခံသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဝါသနာရှင်များ၏ ဖျော်ဖြေမှုများဖြင့် တစ်နေကုန်နီးပါး သီဆိုဖျော်ဖြေကြသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်မှ ရေပက်ခံထွက်သူ တစ်ဦးဖြစ်သည့် ကိုညွန့်ဝင်းက "သင်္ကြန်အကျနေ့၊ အကြတ်နေ့တွေတုန်းကတော့ မနက်ပိုင်းနဲ့ ညနေပိုင်းလောက်ပဲ လည်ဖြစ်ပါတယ်။ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ရှိတော့ ဒီနေ့မှာ တစ်နေကုန် လည်ဖြစ်ဖို့စီစဉ်ထားပါတယ်၊ ကားကိုလည်း သေချာစစ်ထားပါတယ်၊ နေရောင်ခြည်အန္တရာယ် သတိပေးချက်ကိုလည်း ကျွန်တော်တို့ လျစ်လျူမရှုပါဘူး၊ နေရောင်ခံလိမ်းဆေးတွေလိမ်းကြပါတယ်" ဟု ရှင်းပြသည်။

ရန်ကုန်မြို့၌ လမ်းမကြီးများနည်းတူ ရပ်ကွက်တိုင်း၊ လမ်းတိုင်း၌ လူတိုင်းနီးပါး ရေကစားကြသည်ဟု ထင်ရလောက်အောင်ပင် အထူးစည်ကားသည်ကို တွေ့ရသည်။ အထူးသဖြင့် ညနေပိုင်းတွင် ပိုမိုစည်ကားပြီး ရီဝေဝေဟန်ပန်များဖြင့် ကခုန်မြူးထူးသူ များပြားသည်ကို တွေ့ရသည်။

ရန်ကုန်မြို့တော်ဝန် မဏ္ဍပ်၌ ယမန်နေ့ညပိုင်းက ပလေးဘွိုင်းသန်းနိုင်၊ စိုးပိုင်၊ ခိုင်ထူး အစရှိသည့် တေးသံရှင်များက ၎င်းတို့၏ စိတ်

သင်္ကြန်အတက်နေ့က လသာမြို့နယ် အနော်ရထာလမ်းတစ်လျှောက် ရေပက်ခံကားများ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ယခုနှစ် သင်္ကြန်တွင် Forever Group နှင့် Myanmar Index Creative တို့ ပူးပေါင်း၍ မြို့မကွင်း (မိုင်ဒါကွင်း)၌ "ထာဝရ သင်္ကြန် ၂၀၁၃"ကို ကျင်းပပေးလျက်ရှိသည်။ ထာဝရသင်္ကြန် ၂၀၁၃တွင် ရေကစားမဏ္ဍပ်များနှင့် တစ်မူထူးခြားသည့် ပျော်ရွှင်မှုများကိုရရှိစေမည့် "ထာဝရကျွန်း" ကစားကွင်းကိုလည်း ဖန်တီးတည်ဆောက်ထားရာ ယင်းကစားကွင်းကို သင်္ကြန်အပြီး ဧပြီ ၁၉ ရက်အထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မြန်မာ့ရိုးရာမဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ပိတ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၁၆

၁၃၇၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ပိတ်ပွဲ အခမ်းအနားကို ယနေ့ ညနေ၅နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးရှေ့ရှိ ရေသဘင်မဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေနှင့် အဖွဲ့ဝင်များသည် ယိမ်းအဖွဲ့များ၏ အတာသင်္ကြန် တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်တွင် ပါဝင်ဖျော်ဖြေကြသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)နှင့် အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့တို့မှ တာဝန်ရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ပိတ်ပွဲကျင်းပမည့် ရေသဘင်မဏ္ဍပ်စင်မြင့်တွင် နေရာယူပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ရေသဘင်မဏ္ဍပ်အား အောင်မြင်စွာ ပိတ်သိမ်းကြောင်းကြေညာပြီး တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များက မန်းတောင်ရိပ်ခို တေးသီချင်းဖြင့် သံပြိုင်သီဆိုကပြ ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တိုင်းဒေသကြီး အစိုးရအဖွဲ့ မြန်မာ့ရိုးရာမဟာသင်္ကြန်ရေသဘင်မဏ္ဍပ်တွင် ပါဝင်ဖျော်ဖြေကြသည့် အဖွဲ့များမှ တာဝန်ရှိသူများအား ဂုဏ်ပြုလက်မှတ်ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ပိတ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၁၆

၁၃၇၄ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ပိတ်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့တော်ဝန် မဏ္ဍပ်၌ ကျင်းပရာ ၁၃၇၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ကျင်းပရေးနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးကရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အက၊ အလှ၊ သဘာဝအလှပြယာဉ် ပြိုင်ပွဲ

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် မွန်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲတွင် ပထမနှင့်အထူးဆု ရရှိသူများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်အား ပိတ်သိမ်းကြောင်းကြေညာပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းမိသားစုများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ဝင်များက ခါသင်္ကြန်အဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် ၁၃၇၄ ခုနှစ် ရန်ကုန်တွင် ပထမ၊ ဒုတိယ၊ တတိယ၊ ရခိုင်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် အထူးဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေကလည်းကောင်း၊ ကရင်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် အထူးဆု၊ ၁၂ ဦးယိမ်း (အခြေခံပညာ) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်သက်ဌေးကလည်းကောင်း၊ ထားဝယ်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲတွင် ပထမနှင့်အထူးဆု၊ ၁၂ ဦးယိမ်း(အမျိုးသားအလွတ်တန်း) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းကလည်းကောင်း ၁၂ ဦးယိမ်း(မူကြို)ပြိုင်ပွဲတွင်ပထမ၊ ဒုတိယနှင့်တတိယ၊ ၁၂ ဦးယိမ်း(ရုံး/အခြား) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယ၊ မွန်တိုင်းရင်းသားရိုးရာ အကပြိုင်ပွဲတွင် ပထမနှင့်အထူးဆုရရှိသူများအား တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်ကလည်းကောင်း၊ ၁၆ ဦးယိမ်း (ရုံး/အခြား)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယ၊ ၁၆ ဦးယိမ်း (အခြေခံပညာ) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယ ၊ ၂၀ ဦး ယိမ်း (အလွတ်တန်း) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ နှင့် တတိယဆုရရှိသူများအား တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန်၏ ဇနီး ဒေါ်ခင်အေးနွယ်က လည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်ပြိုင်ပွဲတွင် ဆုရရှိကြသော အက၊ အလှ၊ သဘာဝအလှပြယာဉ်များနှင့် ယိမ်းအဖွဲ့များက ပြန်လည်ဖျော်ဖြေတင်ဆက်ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ပိတ်ပွဲ အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

သင်္ကြန်အကြတ်နေ့က မဟာအောင်မြေဆုတောင်းပြည့် ကံတလူဘုရားကြီးတွင် ဘုရားဖူးများအား တွေ့ရစဉ်။ (ဓာတ်ပုံ-တင်မောင်လတ်)

သင်္ကြန်အကြတ်နေ့က မုံရွာမြို့ မိုးညှင်းသမ္ဗုဒ္ဓေဘုရားရင်ပြင်တွင် ဘုရားဖူးပြည်သူများအား စတုဒိသာကျွေးမွေးနေစဉ်။ (ဓာတ်ပုံ-တင်မောင်လတ်)

သင်္ကြန်အကြိုနေ့က မကွေးတိုင်းဒေသကြီးရှိ မင်းဘူးရွှေစက်တော်ဘုရားပွဲ၌ စည်ကားနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-တင်မောင်လတ်)

သင်္ကြန်အကြိုနေ့က စစ်ကိုင်းတိုင်းဒေသကြီး အလောင်းတော်ကဿပ စံကျောင်းတော်သို့ ဘုရားဖူးများ ဆင်များစီး၍ လာရောက်ကြစဉ်။ (ဓာတ်ပုံ-တင်မောင်လတ်)

ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှု များပြား

ပခုက္ကူ ဧပြီ ၁၆

ပခုက္ကူ ဧရာဝတီတံတားကြီးကို ၃၁-၁၂-၂၀၁၁ ခုနှစ်တွင် ဖွင့်လှစ်ပြီးနောက် ပခုက္ကူမြို့ကြီးသို့ အနယ်နယ်မှ ခရီးသည်များအပြင် ပြည်ပခရီးသည်များပါ ပုဂံရှေးဟောင်းမြို့တော်မှ တစ်ဆင့်လာရောက်မှု များပြားနေကြောင်း သိရသည်။ ပခုက္ကူဒေသမှာ လက်မှုပညာလုပ်ငန်းတွေ ယနေ့ထိ မတိမ်ကော မပပျောက်သေးတာရယ်၊ ယနေ့ခေတ်အထိ လူနေမှု ဓလေ့ထုံးစံ ဓလေ့တွေ မပျောက်သေးတာကြောင့် ပြည်ပခရီးသည်တွေ စိတ်ဝင်တစား သွားရောက်လေ့လာကြတာပါဟု ပုဂံဒေသရှိ ဝါရင့်ဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

ပခုက္ကူနှင့် ပုဂံမြို့တော်ဟောင်းသည် ၁၅ မိုင်ခန့်သာရှိပြီး သွားလာမှုအချိန်မကြာမြင့်ခြင်း၊ တိုးတက်လာသော ခေတ်စနစ်နှင့်အညီ ရွှေစည်းစိမ်ဧည့်ရိပ်သာ၊ သပြေညိုဧည့်ရိပ်သာ၊ တော်ဝင်နန်း-မိုတယ် စသည့် ဟိုတယ်များပါ အဆင့်မီမီဖွင့်လှစ်လာခြင်းတို့ကြောင့် ပြည်ပဧည့်များ ၂၀၁၃ ခုနှစ် ဇန်နဝါရီလပိုင်းကပင် ပခုက္ကူမြို့သို့ အရောက်အပေါက်များလာကြောင်း သိရှိရသည်။

ပုဂံညောင်ဦး ခရီးသွားလုပ်ငန်းရှင်များမှလည်း ပခုက္ကူဒေသဘက်သို့ နေ့ချင်းပြန်ခရီးများ စီစဉ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။ ပုဂံမြို့ဟောင်းလို ကျွန်တော်တို့မြို့မှာ ပန်းပုလက်ရာတွေ၊ ဗိသုကာအဆောက်အအုံတွေ၊ လက်မှုလုပ်ငန်းတွေ အများအပြားရှိတာကြောင့် ပြည်ပဧည့်သည်တွေ ဝင်လာမစဲ တသဲသဲဖြစ်နေတာပေါ့ဟု ပခုက္ကူဒေသခံတစ်ဦးက ပြောသည်။ ပြည်ပဧည့်များသည် ပခုက္ကူမှတစ်ဆင့် ပခန်းကြီး မြို့ဟောင်းအထိ သွားရောက်လေ့လာနေကြောင်း သိရသည်။ ပုဂံဒေသကို ပြည်ပဧည့်သည် ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ဦးရေတစ်သိန်းကျော် ဝင်ရောက်ခဲ့ပါတယ်။ ၂၀၀၆-၂၀၀၇ ခုနှစ်တုန်းက ဦးရေတစ်သိန်းနီးပါးပဲ ဝင်ရောက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းကတည်းက ဧည့်အလာများလို့ တချို့ပခုက္ကူ ဟိုတယ်တွေဆီ သွားရောက်တည်းခိုခဲ့ရတယ်ဟု ဧည့်လမ်းညွှန်တစ်ဦးက လည်း ပြောသည်။

နေဦးမောင်-ပခုက္ကူ

မန္တလေးတိုင်းဒေသကြီး ၂၆ လမ်းနှင့် ၆၈ လမ်းထောင့်ရှိ အဲလ်ပိုင်းသောက်ရေသန့် ရေကစားမဏ္ဍပ်၌ ဧပြီ ၁၅ ရက်(သင်္ကြန်အကြတ်နေ့)က ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားကြစဉ်။ (ဓာတ်ပုံ-စိုးညွန့်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်

ပုသိမ်ကြီး ဧပြီ ၁၆

ပုသိမ်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး၏ မိုးပွင့်စီမံချက် အဆင့်(၅) နိုင်ငံသားစိစစ်ရေးကတ်ပြား (One Stop Service) အခမဲ့ဆောင်ရွက်ပေးခြင်းအခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၉ နာရီက ငွေတောင်ကျေးရွာအုပ်စု ကုလားကြီးခြံကျေးရွာ ကံအောင်မင်္ဂလာ ကျောင်းတိုက် အောင်မင်္ဂလာဓမ္မာရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးဖုန်းဇော်ဟာန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့်နှင့် ဦးကိုကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဆွေသန်း၊ ဦးကိုကိုလွင်၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတို့ တက်ရောက်ကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။

အစီအစဉ်အရ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းရဲထွန်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်ငွေတို့က လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြသည်။ အဆိုပါနေ့ရက်က ငွေတောင်ကျေးရွာ၊ ကုလားကြီးခြံကျေးရွာ၊ မြို့တော်ကျေးရွာများမှ ပြည်သူ ၇၉ ဦးအား နေ့ချင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ရခိုင်ရိုးရာသင်္ကြန်ပွဲတော် (ရန်ကုန်) အောင်မြင်စွာကျင်းပ

ရန်ကုန် ဧပြီ ၁၆

ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး (၁၀) ကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် အောင်မြင်ခြင်းအခမ်းအနားကို (သင်္ကြန်အတက်နေ့) ဧပြီ ၁၆ ရက်က သုဝဏ္ဏဘောလုံးအားကစားကွင်း၌ကျင်းပရာ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း အကျယ်တဝင့် ပြောကြားပြီး ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာစံလှကျော်က အဘက်ဘက်မှ ပါဝင်ကူညီသူများနှင့် မြို့နယ်အသင်းမဏ္ဍပ်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများနှင့်မြို့နယ်အသင်းများက စုပေါင်းတေးသီချင်းများ သီဆိုကာ အခမ်းအနားကိုအောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ချိန်ခါမရွေး
သတိပေး
မီးဘေး
ကင်းဝေးမှာ

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

အထူးစည်ကားသိုက်မြိုက်သည့် မန်းသင်္ကြန်

မန္တလေး ဧပြီ ၁၆

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်၏ နောက်ဆုံးနေ့ဖြစ်သော မဟာသင်္ကြန် အတက်နေ့ဖြစ်သည့်အတွက် မန္တလေးမြို့တော်တစ်ခွင်လုံးတွင် ရေပက်ခံရေကစားကြသူများ သင်္ကြန်ချစ်သူပြည်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့်အညီ အစဉ်အလာအမွေအနှစ်ကောင်းများကို ထိန်းသိမ်းကာ အဆိုအတီးအကအလှတို့ဖြင့် မြူးတူးပျော်ရွှင်စွာ ရေကစားကြရာ မန္တလေးမြို့အတွင်းအနှံ့ သင်္ကြန်ရေကစားမဏ္ဍပ်တို့၌ တိုးမပေါက်အောင် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

မန္တလေးမြို့တွင် ပျော်ရွှင်စွာ ရေကစားနေကြသည့် ကြည်နူးဖွယ်မြင်ကွင်း။

သင်္ကြန်အတက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးရဲမြင့်နှင့် ဇနီးဒေါ်မြတ်ငွေတို့သည် ကျုံးအရှေ့ဘက် ၆၆ လမ်း မန္တလေးတောင်ခြေအနီးရှိ ကောင်းမြတ်သူသင်္ကြန်ရေကစားမဏ္ဍပ်၊ ကျုံးတောင်ဘက်ရှိ ASK ပညာရေး မိသားစု သင်္ကြန်ရေကစားမဏ္ဍပ်၊ မန္တလေးမြို့တွင်း ၇၈ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြားရှိ ရတနာပုံဈေး မိသားစု သင်္ကြန်ရေကစားမဏ္ဍပ်၊ ထို့မှတဆင့် ကျုံးတောင်ဘက်ရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိသားစု သင်္ကြန်ရေကစားမဏ္ဍပ်၊ နန်းမြို့သူ သင်္ကြန်ရေကစားမဏ္ဍပ်၊ Alpine သင်္ကြန်ရေကစားမဏ္ဍပ်များသို့ လှည့်လည်သွားရောက်ကာ သင်္ကြန်ရေကစားမဏ္ဍပ်များမှ မိသားစုတို့နှင့်အတူ သင်္ကြန်ရေကစားပြီး သင်္ကြန်မဏ္ဍပ်များမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ မန္တလေးမြို့ သင်္ကြန်ကို ချစ်မြတ်နိုးကြသည့် ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ၊ အဆိုတော်များက ပရိသတ်အကြိုက် သင်္ကြန်တေးသီချင်းများနှင့် ခေတ်ပေါ်တေးသီချင်းများကို အဆိုအကများနှင့် တွဲဖက်ဖျော်ဖြေတင်ဆက်မှုကို အားပေးကြည့်ရှုကာ မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

မန္တလေးမြို့တော်တွင် ရေသဘင်ပွဲဆင်နွှဲကြသူများသည် မွန်းလွဲပိုင်းတွင် အမရပူရမြို့ တောင်သမန်အင်းမယ်ဇယ်ပင်တန်းနှင့် ဦးပိန်တံတားတို့ကို မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် စက်ဘီးများဖြင့် လာရောက်အေးရိပ်ခို အပန်းဖြေအနားယူသူများ၊ ရေပက်ခံလာရောက်ကြသည့် ပြည်သူများဖြင့် ကြိတ်ကြိတ်တိုးအထူးစည်ကားလျက်ရှိသည်။

မန္တလေးတောင်ခြေရှိ ဖားအောက်တောရတရားစခန်း၊ ရေတံခွန်တောင်ဆရာကြီး ဂိုအင်ကာတရားစခန်းနှင့် မန္တလေးမြို့တွင်း တရားစခန်းများ၊ ဒုလ္လဘရဟန်းခံ၊ ရှင်ပြုအလှူတော်များမှာ ယခုနှစ်တွင် ပိုမိုစည်ကားများပြားလျက်ရှိသည်။

ထို့ပြင် အမရပူရမြို့ သိမ်ကြီးဈေးရှေ့မှ အလှူရှင်ဦးလှကို-ဇနီးဒေါ်စိုးစိုးတို့ မိသားစုတို့ကလည်းအကြိုနေ့မှစ၍ သင်္ကြန်အတက်နေ့အထိ နေ့စဉ်စတုဒိသာကျွေးမွေးဧည့်ခံလျက်ရှိသည်။ ညပိုင်း၌ ဆုပေးမဏ္ဍပ်အသီးသီးတို့ကို ဆုပေးပွဲများနှင့် မဏ္ဍပ်ပိတ်ပွဲအခမ်းအနားများကို ကျင်းပကာ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက် အေးချမ်းပျော်ရွှင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

အမရပူရတွင် အလှူရှင်များက စတုဒိသာကျွေးမွေးလှူဒါန်းစဉ်။

ဦးပိန်တံတားတွင် အပန်းဖြေလာရောက်သူများဖြင့် ဤသို့စည်ကားခဲ့သည်။

မိုးနည်း၍ ဆီးထွက်နှုန်းကျဆင်းသော်လည်း ဆီးဈေးနှုန်းကျ

ပခုက္ကူ ဧပြီ ၁၆

ပခုက္ကူမြို့၌ တပေါင်းလမှစတင်၍ ဆီးခွဲစက်များ လှုပ်ရှားသက်ဝင်လာပြီး ဆီးအလုပ်သမားများ၏ ဝင်ငွေများလည်း ကောင်းလာကြောင်း သိရသည်။ ကမ္မ၊ မြိုင်၊ ပခုက္ကူဒေသတွင် ဆီးလုပ်ငန်းရှင် ၃၀ ခန့်ရှိကြောင်း သိရှိရသည်။

"သည်နှစ်က မိုးနည်းတော့ ဆီးထွက်နှုန်းနည်းတယ်။ ယောမှာ မိုးပိုတော့ ဆီးထွက်အားကောင်းတယ်။ ဒီနှစ်ပခုက္ကူဒေသ ဆီးထွက်နှုန်း တင်းပေါင်း ငါးသိန်းဝန်းကျင်ပဲ ရှိမယ်ထင်တယ်" ဟု ဆီးလုပ်ငန်းရှင်ကြီးတစ်ဦးက ပြောသည်။ ပခုက္ကူဒေသ ဆီးရာသီ မတ်လ ပေါက်ဈေးမှာ ဆီးဆန်ဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀၊ ဆီးခြမ်းဈေးမှာ တစ်တင်းလျှင် ငွေကျပ် ၁၀၀၀ နှင့် ဆိတ်စားဆီးသီးတစ်တင်းလျှင် ငွေကျပ် ၇၀၀၀၊ ဆီးမှုန့်တစ်တင်းလျှင် ငွေကျပ် ၅၀၀ ဈေးပေါက်လျက် ဆီးဆန်ဈေးကွက်သည် တရုတ်နိုင်ငံကိုသာ အားထားရောင်းဝယ်ရကြောင်း သိရသည်။

"ယခုလောလောဆယ် ဆီးသီးခြောက်တစ်တင်းလျှင် ငွေကျပ် ၂၀၀၀ နှုန်းနဲ့ ဝယ်ယူနေပါတယ်။ ဆီးသီးခြောက်တစ်တင်း ကြိတ်ခွဲမှ ဆီးဆန် ၂၅ ကျပ်သား၊ ဆီးခွဲခြမ်းလေးပြည်နဲ့ ဆီးမှုန့်ရပါတယ်။ တရုတ်နိုင်ငံက ဆီးချိုဆန်မဝယ်လို့ ဆီးအချဉ်စေ့ကိုပဲ ကြိတ်ခွဲရောင်းဝယ်ကြပါတယ်" ဟု ကုန်သည်ကြီးတစ်ဦးကလည်း ပြောသည်။

ယခင်နှစ်ပိုင်းက ဆီးစေ့အဖွင့်ဈေး ငွေကျပ် ၄၅၀ ထိ မြင့်တက်ခဲ့သော်လည်း ယခုနှစ်၌ ဆီးသီးတစ်တင်း ငွေကျပ် ၂၀၀၀ ကျော်ဝန်းကျင်နှင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဆီးစက်တစ်စက်လျှင် အလုပ်သမား ၁၅ ဦးရှိကာ ဆီးခွဲအလုပ်သမားတစ်ဦး လုပ်အားခသည် တစ်နေ့လျှင် ကျပ် ၂၅၀၀ မှ ၃၀၀၀ နှုန်းဖြစ်လျက် ဆီးပြာသူအလုပ်သမတစ်ဦးလျှင် တစ်နေ့လုပ်အားခ ငွေကျပ် ၂၀၀၀ ဝန်းကျင်ရရှိသည်။ ဆီးစက်အကြီး၊ အသေးပေါ်မူတည်ကာ အလုပ်သမားတစ်ဦးအား ၁၀ လအထိ အလုပ်ပေးထားနိုင်ကြောင်း နိုဝင်ဘာ၊ ဒီဇင်ဘာလများ၌ အလုပ်နားကြောင်း သိရှိရ သည်။ **နေဦးမောင်(ပခုက္ကူ)**

နေ့ညမဟူ သတိမူ

ရန်သူမီးကိုသာ

ညပိုင်းတွင် မန္တလေးမြို့ အဓိကလမ်းမကြီးများ၌ အမှောင်ကိုအကာအကွယ်ယူကာ ဥပဒေမဲ့ပြုမူမှုများရှိနေသည်ဟုဆို

မန္တလေး ဧပြီ ၁၆

မန္တလေးမြို့တွင် ၂၀၁၃ ခုနှစ် ဦးပိုင်းမှစတင်၍ ကျုံးပတ်လည်လမ်းများ အဓိကကျသော ၇၈လမ်း၊ လမ်း ၈၀၊ ၇၃လမ်း၊ ၃၅လမ်းများတွင် ညပိုင်း၌ တရားဥပဒေစိုးမိုးမှုနှင့် လုံခြုံရေးတာဝန်ယူမှု ထိရောက်စွာ မဆောင်ရွက်နိုင်ခြင်းကြောင့် အိမ်ရှေ့တွင် ရပ်ထားသော ကားမှန်များကို အကြောင်းမဲ့စွာ အုပ်စုဖွဲ့၍ ရိုက်ခွဲဖျက်ဆီးခြင်း၊ အချက်ပြမီးပွိုင့်များကို ဖျက်ဆီးခြင်း၊ ညပိုင်းတွင် သမ္မာအာဇီဝ ဈေးရောင်းသူများနှင့် ခရီးသွားပြည်သူများကို အကြောင်းမဲ့တုတ်၊ ဓားလက်နက်များဖြင့် တိုက်ခိုက်ခြင်းကြုံတွေ့နေရကြောင်း၊ ညပိုင်းတွင် လမ်းမပေါ်၌ အုပ်စုဖွဲ့၍ ကားပြိုင်မောင်းခြင်း၊ ဆိုင်ကယ်ပြိုင်မောင်းခြင်းတို့ကြောင့် ယာဉ်အန္တရာယ် စိုးရိမ်နေရကြောင်း၊ အခုလို ညအချိန်တွင် စည်းကမ်းမဲ့သွားလာနေသူများမှာ အသက် ၂၅ နှစ်အောက်လူငယ်တွေက များကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

ဆက်လက်ပြောကြား

"မန္တလေးဆီဒိုးနား ဟိုတယ်ရှေ့ ကျုံးပလက်ဖောင်းဘေးမှာ ည ၈နာရီမှ နံနက်၃ နာရီဝန်းကျင်အထိ အမှောင်ထုကို အကာအကွယ်ယူလှုပ်ရှားသူများ အုပ်စုဖွဲ့ပြီး နေထိုင်လို့ လမ်းလျှောက်သူတွေနဲ့ ခရီးသွားပြည်သူတွေအတွက် အနှောင့်အယှက်ဖြစ်ကြတာကိုလည်း သက်ဆိုင်ရာက ဖြေရှင်းပေးခြင်းမရှိပါဘူး၊ လိုင်စင်မဲ့အရက်ဆိုင်များက ညအလင်းဆိုင်အမည်ခံပြီး မိုးလင်း အရက်၊ ဘီယာရောင်းချနေပေမယ့်လည်း အခုအချိန်ထိ အရေးယူခြင်းမရှိပါဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။ (ဝ၄ဝ)

Y.E.S.
Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
International English Language Centre

Basic Spoken English
Mon to Thurs-10:00-12:00am 22,29 Apr
Mon to Thurs-1:00-3:00 pm 22,29 Apr
Sat & Sun -3:00 - 6:00 Pm 27 Apr
Pre-Intermediate English
Mon to Thurs-10:30-12:30am 1 Apr
Mon to Thurs-5:00-7:00 pm 1 Apr
Sat & Sun - 12:30 - 3:30 Pm 27 Apr
Mon to Thurs-1:00-3:00pm 29 Apr
Intermediate English
Mon to Thurs-1:00-3:00pm 20 May

Grammar Foundation Course
Mon to Thurs- 1:00- 2:30 pm 1 Apr
Mon to Thurs- 3:30- 5:00 pm 29 Apr
Basic Writing Course
Mon to Thurs - 10:00-12:00 am 1 Apr
Sat & Sun - 3:45 - 6:15pm 27 Apr
Structure & Written Expression
Sat & Sun - 9:00-12:00 am 27 Apr
Mon to Thurs - 5:00-6:30pm 29 Apr
IELTS,IELTS (SPEAKING) ,SAT,API,AWC,TOEFL

No.190, 2nd Flr:,28thSt:(Upper), Pabedan Tsp. ☎ 243950

"နှစ်သစ်ကူးသင်္ကြန်နှုတ်ခွန်းဆက်လွှာ"

မြန်မာ့ရိုးရာနှစ်သစ်မင်္ဂလာအချိန်တွင် Engine Doctor Engineering ၏ ခေတ်မီမြင့်ကားကွန်ပျူတာစစ်ဆေးသင်တန်း (OBD II) မှ သင်တန်းသား (ဟောင်း/သစ်) များအားလုံးနှင့် ပြည်သူပြည်သားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး ရည်မှန်းချက်များ အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သင်တန်းအမှတ်စဉ် (၁၆) (၁၇) (၁၈) ကိုလာမည့်

မေလ (၂) ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

Engine Doctor Engineering
No.102,GFloor, 52nd St., Middle, Yangon
Tel:09 4211 444 95, 09 4211 444 96, 09 4211 444 97

ပြည်တွင်းသတင်း

ဒုတိယဝန်ကြီး ဦးပိုက်ထွေး ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း (ဥပဒေကြမ်း)နှင့်ပတ်သက်၍ မန္တလေးနှင့်မုံရွာ၌ ရှင်းလင်းဆွေးနွေး

နေပြည်တော် ဧပြီ ၁၆

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း(ဥပဒေကြမ်း)အား အမျိုးသားလုံခြုံရေးအတွက် ယခင်ဥပဒေများနှင့်မတူ အောင် ပြန်လည်ရေးဆွဲထားပါကြောင်း၊ နိုင်ငံတကာစံနှုန်းများဖြင့် ညီပြီး သတင်းလွတ်လပ်ခွင့်ကို မထိပါးစေဘဲ စာပေအဆိပ်အတောက်များကို ဖယ်ရှားနိုင်သည့်အရာမှာ ယခုရေးဆွဲလိုက်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း(ဥပဒေကြမ်း)ပင် ဖြစ်ပါကြောင်း၊ လိုအပ်သည့်ကို ဖြည့်စွက်ဆောင်ရွက်နိုင်ရန် အကြံဉာဏ်များ တောင်းခံခြင်းဖြစ်ပါကြောင်းဖြင့် ဧပြီ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း (ဥပဒေကြမ်း)နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲနှင့် အကြံဉာဏ်တောင်းခံခြင်း အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပိုက်ထွေးက ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း (ဥပဒေကြမ်း)နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဥပဒေပညာရှင်များက ဆွေးနွေးတင်ပြအကြံပြုကြကာ ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အလားတူ ဧပြီ ၁၂ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ပြန်/ဆက် ဦးစီးဌာနရုံး မုံရွာမြို့၌ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း (ဥပဒေကြမ်း)နှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲနှင့် အကြံဉာဏ်တောင်းခံခြင်း အခမ်းအနားကို ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ပုသိမ် – ချောင်းသာကားလမ်းပေါ် ကမ္ဘာကျော် ခရီးသည်ယာဉ်တိမ်းမှောက်

ပုသိမ် ဧပြီ ၁၆

ပုသိမ်မြို့နယ် ချောင်းသာ-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ်(၉) ကျောက်ချောင်းကြီး တံတားအနီး၌ သင်္ကြန်အတက်နေ့ နံနက်လင်းအားကြီးအချိန်တွင် ခရီးသည်တင် မှန်လုံယာဉ်တစ်စီး တိမ်းမှောက်ရာ ခရီးသည် လေးဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၆ ရက် နံနက် ၁ နာရီခန့်တွင် ဒေသခံကျောက်ချောင်းကြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ချစ်၏ သတင်းပို့ချက်အရ ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုရဲအုပ်ရန်နိုင်စိုးနှင့် သဘော်ာကျင်းရဲစခန်းမှ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးရာ အောင်လံမြို့ စမ်းချောင်းရပ်နေ ယာဉ်မောင်းသမ္မေးတိုး ၃၅နှစ်(ဘ)ဦးတိုးမောင် မောင်းနှင်လာသော ၇ခ/. . . ကမ္ဘာ ကျော်မှန်လုံခရီးသည်တင်ယာဉ်သည် တောင်တွင်းကြီးမြို့ပုလဲစာပေစတိုးမှ ဝန်ထမ်းများအပါအဝင် ၅၉ ဦး၊ ယာဉ်မောင်းနှင့်နောက်လိုက်လေးဦးတို့သည် ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးထွက်လာခဲ့ရာ ပုသိမ်မြို့နယ် ချောင်းသာကားလမ်း မိုင်တိုင်(၉) ကျောက်ချောင်းကြီးကျေးရွာအုပ်စု စက်ကုန်းကျေးရွာ ကျောက်ချောင်းကြီးတံတားအနီးသို့အရောက်တွင် ယာဉ်ကြောမျက်ကွယ်ပြု တဲအိမ်အဆောက်အအုံများကြောင့် ယာဉ်ကြော ဝေ့ဝါးသွားရာမှ လမ်း၏ ယာဘက်ချောက်ထဲသို့ ပက်လက်လန်တိမ်းမှောက်သွားခြင်းဖြစ်သည်။

အဆိုပါ ခရီးသည်တင်ယာဉ်တိမ်းမှောက်မှုကြောင့် လိုက်ပါလာသူများအနက် တောင်တွင်းကြီးမြို့နေ မကူမ ၃၅ နှစ်(ဘ ဦးမြင့်)၊ မသီတာဦး ၂၈ နှစ်(ဘ ဦးလှဝင်း)၊ မသီရိ ၃၇ နှစ် (ဘ ဦးခင်မောင်မြင့်) မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး မသူဇာမြင့် ၃၂ နှစ် (ဘ ဦးခင်မောင်မြင့်)မှာ ပုသိမ်ဆေးရုံသို့ ပို့ဆောင်စဉ်သေဆုံးသွားသည်။ ကားမောင်းသူ သမ္မေးတိုး အပါအဝင် ခရီးသည် ၂၆ ဦးဒဏ်ရာ ပြင်းထန်စွာရရှိ သွားကြသဖြင့် ပုသိမ်မြို့ပေါ်မှ ကရုဏာလူမှုကူညီရေးအသင်း၊ မနောဖြူလူမှုရေးအသင်းတို့က ညတွင်းချင်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည့် နေရာ။

အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ရဲအုပ်ကြည်လင်း၏ တိုင်တန်းချက်အရ သဘော်ာကျင်းရဲစခန်းက အရေးယူထားရှိကြောင်း၊ အခက်အခဲကြုံတွေ့နေကြရသော ခရီးသည်များအား ပုသိမ်မြို့အမှတ် (၃) ရပ်ကွက် တိုက်ကြီး ပရိယတ္တိ စာသင်တိုက်၊မနောဖြူ လူမှုကူညီရေးအသင်းတို့မှ စားမှုနေရေးကျန်းမာရေး ပြည့်စုံစွာ စောင့်ရှောက်ကူညီထားရှိကြောင်း သိရှိရသည်။

တိမ်းမှောက်သွားသည့် ကမ္ဘာကျော်မှန်လုံယာဉ်ကို ပြန်လည်ဆွဲတင်ပြီးနောက် တွေ့ရစဉ်။

ပုသိမ်လှကြည်

ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ငြိမ်းချမ်းစည်ကားသိုက်မြိုက်စွာကျင်းပ

မြစ်ကြီးနား ဧပြီ ၁၆

ကချင်ပြည်နယ်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ နှစ်စဉ်မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်၏ သင်္ကြန်အကျနေ့၊ သင်္ကြန်အကြတ်နေ့များတွင် ကချင်ပြည်နယ် မြို့တော်မြစ်ကြီးနားခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ကျေးရွာတို့၌ ရေကစားသူများ၊ ရေပက်သူများ၊ ရေသဘင်မဏ္ဍပ်များဖြင့် အထူးစည်ကားလျက်ရှိသည်။

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့်ဇနီး ဒေါ်ကံဆီးဆိုင်းလုံတို့သည် ဧပြီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် မြစ်ကြီးနားမြို့ပေါ်ရှိ ဝန်ကြီးဌာနနှင့် ကုမ္ပဏီမဏ္ဍပ်၊ ရေကစားမဏ္ဍပ်များဖြစ်သည့် မြစ်ဖျားဧရာပိတောက်ရွှေဝါ၊ ခါနွေဦး၊ မနောမြေ၊ ငြိမ်းချမ်းခါနွေ၊ ပန်စပရင်း (Palm Spring)၊ မနောဇကရီ ရေကစားမဏ္ဍပ်များသို့ လှည့်လည်ရေကစားပြီး ကပြသီဆိုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးကြကာ ဆုငွေများ ချီးမြှင့်ကြသည်။ အထူးသဖြင့် ရေကစားမဏ္ဍပ်များတွင် ရေပက်သူများ၊ ရေကစားသူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ယဉ်ကျေးသိမ်မွေ့ပျော်ရွှင်စွာဖြင့် ရေပက်ဖျန်းကစားလျက်ရှိကြသည်။

ညပိုင်းတွင်လည်း စည်ပင်သာယာရေးဝန်ကြီးဌာန၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်တွင် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့ ၂၁ ဖွဲ့တို့ကလည်း ကိုယ်ပိုင်သံစဉ် ကိုယ်ပိုင်စာသား ကိုယ်ပိုင်ဆိုင်းဖြင့်လည်းကောင်း၊ စီဒီကက်ဆက်ခွေ တေးသီချင်းများဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြရာ ကြည့်ရှုသူတို့ဖြင့် အထူးစည်ကားကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

မိတ္ထီလာမဟာသင်္ကြန်ရေသဘင်ပွဲတော် ရပ်ကွက်နယ်မြေများအတွင်း ပျော်ရွှင်စွာရေကစား

မိတ္ထီလာ ဧပြီ ၁၆

မိတ္ထီလာမြို့တွင် ယခုနှစ်မဟာသင်္ကြန်ပွဲတော်၌ ဗဟိုရေကစားမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ မရှိသော်လည်း ရပ်ကွက်နယ်မြေများအတွင်း ရေသဘင်ပွဲတော် ဆင်နွှဲကြပြီး ပျော်ရွှင်စွာ ရေကစားကြကြောင်း သိရသည်။

“အခြေအနေ အရပ်ရပ်ကြောင့် သက်ဆိုင်ရာက ဗဟိုရေကစားမဏ္ဍပ်နှင့်ရေကစားမဏ္ဍပ်များ တည်ဆောက် ရေကစားခွင့်မပြုပေမယ့် ရပ်ကွက်နယ်မြေတွေမှာ သူ့နေရာနဲ့သူပျော်ပျော်ပါးပါး ရေကစားကြတယ်။ ပြည်သာယာ၊ ကျီတော်ကုန်း၊ သီရိမင်္ဂလာ၊ ရန်မျိုးအောင်၊ မြို့မနန်းတော်ကုန်းစတဲ့ ရပ်ကွက်တွေမှာ ကလေးလူကြီး ပျော်ပျော်ရွှင်ရွှင် ရေကစားတာမြင်ရတော့ ဝမ်းသာပျော်ရွှင်မိသလို နှစ်စဉ် ဒီထက်မက စည်ကားသိုက်မြိုက်စွာ ကျင်းပတဲ့ မိတ္ထီလာမဟာသင်္ကြန် ရေသဘင်ပွဲတော်ကို လွမ်းမိပါတယ်ဗျာ”ဟု မိတ္ထီလာမြို့ ပြည်သာယာမြောက်ပိုင်း ရပ်ကွက်နေ လူငယ်တစ်ဦးက ပြောသည်။

မိတ္ထီလာတွင် ယခင်နှစ်များက ရပ်ကွက်အလိုက် ရေကစားမဏ္ဍပ် များတွင် စည်ကားစွာ ရေကစားခြင်း၊ ခေတ်ပေါ် တေးဂီတဝိုင်းများဖြင့် ဖျော်ဖြေခြင်း၊ ဗဟိုဆုပေးမဏ္ဍပ်တွင် စုပေါင်းရေကစားခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ယိမ်း အကပြိုင်ပွဲများ ကျင်းပခြင်းတို့ဖြင့် ရေသဘင်ပွဲတော်သည် စည်ကားသိုက်မြိုက်မြဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမှားပြင်ဆင်ချက်

၁၁-၄-၂၀၁၂ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၆)ပါ ကန့်ကွက်နိုင်ပါသည်နှင့် အများသိစေရန်ကြော်ငြာတွင် ပိုင်ဆိုင်သည်ဟုဆိုသူ ဒေါ်စန်းမြင့် ၁၂/ဒပန(နိုင်)၀၂၁၃၅၃ အစား ဒေါ်စန်းမြင့် ၁၂/ဒပန(နိုင်)၀၂၁၃၉၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဦးထွန်းနိုင်အောင် (LL.B,C.B.L)

မြန်မာနှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

နှစ်သစ်အခါသမယတွင် စိန်ပင်လယ်စိန်ရွှေရတနာဆိုင်မှ မိတ်ဟောင်းမိတ်သစ်များနှင့် မြန်မာပြည်သူပြည်သားအားလုံး နှစ်သစ်နှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် စီးပွားလာဘ်လာဘများတိုးတက်၍ လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စိန်ပင်လယ် စိန်ရွှေရတနာဆိုင်မိသားစု

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကွမ်းတောင်စေတီ ဘက်စုံပြုပြင်မွမ်းမံတည်ထားရန် ထိုင်းနိုင်ငံမှ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်း

မိတ္ထီလာ ဧပြီ ၁၆

မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်ကွက် သမိုင်းဝင်ဈေးကုန်းခုနစ်ဆူ ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သည့် ကွမ်းတောင်စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ထားရန်အတွက် ဧပြီ ၁၄ ရက် နံနက် ၁၀ နာရီက ထိုင်းနိုင်ငံမှ အလှူရှင်များက အလှူငွေများ လာရောက်ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ ဆရာတော် ဘဒ္ဒန္တသောဘိတနှင့် ဒါယကာ ဒါယိကာမများ၊ စုစန်းလီနှင့် တပည့်များမှ ဈေးကုန်း ခုနစ်ဆူကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကွမ်းတောင်စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် လှူဒါန်းငွေကျပ် ၁၅ သိန်းကို မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တသုမန (အဂ္ဂမဟာပဏ္ဍိတ) ကိုးနဝင်းကျောင်းတိုက်ဆရာတော်နှင့် ဈေးကုန်းခုနစ်ဆူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကေလာသ၊ ဘဒ္ဒန္တ တေဇောဘာသတို့ထံ ပေးအပ်လှူဒါန်းရာ ဆရာတော်များကိုယ်စား ဈေးကုန်းကျောင်းတိုက်အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

ပြုပြင်မွမ်းမံ

ဈေးကုန်းခုနစ်ဆူကျောင်းတိုက်အတွင်း၌ အပြင်ဆုတောင်းပြည့်၊ ဂြိုဟ်ပြေနံပြေကြီးဂူ၊ မိလတ်ဂူ၊ မိငယ်ဂူ၊ မိုးကောင်းစေတီတော်များနှင့် ကွမ်းတောင်စေတီတော်များကို ပြုပြင်မွမ်းမံတည်ထားကိုးကွယ်လျက်ရှိရာ ကွမ်းတောင်စေတီတော်တစ်ဆူသာ ပြုပြင်မွမ်းမံတည်ထားရန် ကျန်ရှိတော့ကြောင်း သိရှိရသည်။ (၄၃၅)

လင်မယားချင်းစကားများရာမှ လင်ကို မယားကသတ်

ရန်ကုန် ဧပြီ ၁၆

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းကလေးဆေးရုံဝန်ထမ်းအိမ်ရာနေ ဆရာဝန်ဖြစ်သူ မထက်ထက်ဝင်း (၃၂ နှစ်)သည် ဧပြီ ၁၅ ရက် နံနက် ၈ နာရီခွဲတွင် ခင်ပွန်းဖြစ်သူ ရဲဝင်းလတ် (၃၁ နှစ်)က နေအိမ်၌ အရက်မူးပြီး အိမ်အသုံးအဆောင် ပစ္စည်းများအား ရိုက်ခွဲဖျက်ဆီးနေသည့်အတွက် ခင်ပွန်းဖြစ်သူ စကားများရန် ဖြစ်စဉ် အိမ်သုံးတူဖြင့် ထုရိုက်ခဲ့သောကြောင့် ရဲဝင်းလတ်တွင် ဦးခေါင်းပြဲ ကြေမွဒဏ်ရာရရှိပြီး သေဆုံးသွားသဖြင့် ရန်ကင်း ကလေးဆေးရုံအုပ်ကြီး၊ ဒေါက်တာဇော်မြင့်လွင်က အရေးယူပေးရန် တိုင်တန်းခဲ့သောကြောင့် မထက်ထက်ဝင်းအား ရန်ကင်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကံတရား၏ ဆန်းကြယ်မှု

ကံထမ်းလာသည်ကို မမြင်ရ၊ လှံထမ်းလာသည်ကို မြင်ရသည်ဟူသော စကားပုံရှိပါသည်။ မြိတ်မြို့ ထားဝယ်စုရပ် ကမ်းနားလမ်းမှ ဦးရန်အေး-ဒေါ်မြင့်ဝင်းတို့မိသားစု ကံထမ်းလာသည်မှာ နှစ်ပေါင်း (၃၀) ကျော်ပြီဖြစ်သည်။ အလွန်အဖိုးတန်သော ငှက်သိုက်ကို ဇီဝဖိုးငှက်များမှ ရရှိပါသည်။ ဇီဝဖိုးငှက်သိုက်သည် ငှက်သိုက်ကျွန်းများရှိ ကျောက်တောင်များ၊ လိုဏ်ခေါင်းများတွင်သာ အသိုက်ပြုလုပ်ကြသည်။

ယခုတော့ လူတို့နေထိုင်သည့် နေအိမ်တွင် သဘာဝအလျောက် ဇီဝဖိုးငှက်များ အသိုက်လာရောက်ပြုလုပ်သည်မှာ ၁၉၈၀ ခုနှစ်ကတည်းက ဖြစ်သည်။ ဦးရန်အေးတို့ မိသားစု နေထိုင်သည့် ပေ (၆၀× ၃၀)တိုက်ခန်း အောက်တွင် ဇီဝဖိုးငှက်များ အသိုက်လာရောက်ပြုလုပ်သဖြင့် အဆိုပါ အိမ်မှမိသားစုဖယ်ခွာ၍ ဘေးတွင် အိမ်တစ်လုံးဆောက်လုပ် နေထိုင်ကာ အိမ်ဟောင်းကို ငှက်များအတွက် နေစရာအဖြစ် ထားရှိခဲ့သည်။ ဇီဝဖိုးငှက်မှာ အဖြူနှင့် အမည်းဟူ၍ရှိပြီး အဖြူအကောင် ၄၀၀ ခန့်နှင့် အမည်း ၄၀၀ ခန့် ဝင်ရောက်လျက်ရှိကြောင်း သိရှိရသည်။ တစ်နှစ်လျှင် ငှက်သိုက် ခန့်မှန်း အဖြူနှစ်ပိဿာခန့်နှင့် အမည်း နှစ်ပိဿာခန့်ရရှိလျက်ရှိသည်။ ငှက်သိုက် (၁)ကျပ်သား၏ ယခုပေါက်ဈေးမှာ အဖြူ ၂၂၀၀၀ နှင့် အမည်း ၁၀၀၀၀ ကျော်ခန့်ရှိသည်။ မြိတ်မြို့တွင် သဘာဝမဟုတ်သော အသံတုနည်းပညာဖြင့် ငှက်ခေါ်မွေးမြူ၍ စွဲကပ်သော နည်းပညာ ငှက်သိုက်အိမ်လုပ်ငန်းများ ပေါ်ပေါက်လာသော်လည်း သဘာဝအလျောက် ငှက်သိုက်အိမ်မှာ ဦးရန်အေးတစ်ဦးတည်းသာရှိသည်။

မြင့်သိန်း(ကိုယ်ပွားမြိတ်)

နောက်ကားက ရှေ့ကားဝင်တိုက် နောက်ကားယာဉ်မောင်းသေဆုံး

မိတ္ထီလာ ဧပြီ ၁၆

မိတ္ထီလာမြို့အရှေ့ဘက် ဇော်ဂျမ်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၄၂/၆ တွင် ယာဉ်မောင်း ဦးကျော်ဝင်း မောင်းနှင်လာသော ၈ည/ ကောင်တာ ခြောက်ဘီးကားကို မန္တလေးဘက်မှ မိတ္ထီလာမြို့သို့ မောင်းနှင်လာစဉ် လုံခြုံရေးဂိတ်အရောက်တွင် ခေတ္တရပ်နားစဉ် တောင်ငူမြို့နယ် ဇရပ်ကြီးကျေးရွာနေ ယာဉ်မောင်း ခွန်ရင်လေး (၃၅ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် ခင်ဇော် (၂၇ နှစ်) လိုက်ပါလာသည့် ကောင်တာအဖြူရောင် ခြောက်ဘီးကားက အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိသည်။

အရှိန်မထိန်းနိုင်ဘဲ နောက်ကားက ရှေ့ကားဝင်ရောက် တိုက်မိသဖြင့် နောက်ကားမှ ယာဉ်မောင်း ခွန်ရင်လေးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိသဖြင့် ဆေးရုံတင်ပို့ရာ သေဆုံးသွားခဲ့သည်။ ယာဉ်နောက်လိုက် ခင်ဇော်မှာလည်း ဒဏ်ရာများ ရရှိသွားခဲ့သည်။ ယာဉ်တိုက်မှုကို အမှတ် (၂) ရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

တင်လှိုင်(မိတ္ထီလာ)

မီးသတိပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့တွင်ရှိသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)နှင့် ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)တို့တွင် ဖွင့်လှစ်သင်ကြား လျက်ရှိသော သင်တန်းအသီးသီးအား ၂-၅-၂၀၁၃ရက်တွင် ပြန်လည်ဖွင့်လှစ်မည် ဖြစ်ပြီး အဆိုပါသင်တန်းများ၏ ၂၀၁၂-၂၀၁၃ခုနှစ် ပညာသင်နှစ်အတွက် ပထမနှစ်ဝက် စာမေးပွဲအား ၆-၅-၂၀၁၃ရက်မှ ၁၇-၅-၂၀၁၃ရက်အထိ ကျင်းပစစ်ဆေးသွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စာကြည့်တိုက်လက်ထောက်(၄)
ရာထူးခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် လိုအပ်သည့် စာကြည့်တိုက်လက်ထောက်(၄) လစာနှုန်း(၆၇၀၀၀-၁၀၀၀-၇၂၀၀၀)ရာထူးနေရာများတွင် အလုပ်ခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ၊ သတ်မှတ်ချက်များ ပူးတွဲတင်ပြ၍ နီးစပ်ရာ နည်းပညာတက္ကသိုလ်/ကွန်ပျူတာ တက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် ၃၀-၄-၂၀၁၃ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ လူတွေ့စစ်ဆေးခြင်းခံရမည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) B.A (Library and Information Studies) သို့မဟုတ် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုရရှိသူ ဖြစ်ရမည်။ စာကြည့်တိုက်ဒီပလိုမာရရှိသူများအား ဦးစားပေးစဉ်းစားမည် ဖြစ်ပါသည်။
(ဂ) ၃၀-၄-၂၀၁၃ရက်တွင် အသက် ၂၅ နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(ဃ) ခြောက်လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက် အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားမိတ္တူ။
(င) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(စ) ခန့်အပ်ခြင်းခံရပါက ဝန်ထမ်းစာချုပ်ချုပ်ဆိုနိုင်ရမည်။
(ဆ) တစ်လအတွင်း ပြုလုပ်ထားသော ကျန်းမာရေး ကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။
(ဇ) တစ်လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ ရဲစခန်း ထောက်ခံစာ။
(ဈ) ခြောက်လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၂။ သတ်မှတ်ချက်ကိုက်ညီပြီး လူတွေ့စစ်ဆေးခြင်းခံရသူများသည် ဘွဲ့/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိလိုပါက နီးစပ်ရာ နည်းပညာတက္ကသိုလ်/ ကွန်ပျူတာတက္ကသိုလ်/ ကောလိပ်/ သိပ္ပံများတွင် ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

နိုင်ငံတကာအားကစားသတင်း

ရင်ခုန်သံမြန်ရဦးမယ့် ပရီမီယာလိဂ်ပွဲစဉ်များ

ပရီမီယာလိဂ်ပွဲစဉ်တွေကို ဧပြီ ၁၇ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ အခုအပတ်ပွဲစဉ်တွေဟာ စိတ်ဝင်စားစရာကောင်းပြီး အထူးသဖြင့် မန်စီးတီးနဲ့ ဝီဂန်ပွဲစဉ်က ပရိသတ်မျှော်လင့် အကဲဖြတ်စရာအဖြစ် အားပေးရမှာဖြစ်ပါတယ်။ အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲမှာ ဆုံတွေ့ကြမယ့်အသင်းတွေဖြစ်ပြီး ကြိုတင်ရင်ခုန်သုံးသပ်စရာဖြစ်တာမို့ ပရိသတ်အကြိုက်ဖြစ်လာမှာ သေချာပါတယ်။

မန်စီးတီးနှင့်ဝီဂန်

အက်ဖ်အေဖလားကို ရည်မှန်းချက်အပြည့်ထားနေတဲ့ မန်စီးတီးအသင်းဟာ ဒီပွဲရဲ့ရလဒ်ကို ပြတ်ပြတ်သားသားဖြစ်အောင် ပုံဖော်ပါလိမ့်မယ်။ မန်စီတီးအတွက် တစ်လုံးတည်းသောမျှော်လင့်စရာ ဖလားဖြစ်တာမို့ နည်းပြမန်ချီနီက ရှိသမျှအင်အား အပြည့်ထုတ်သုံးပြီး အခုပွဲကတည်းက ဝီဂန်ရဲ့ စိတ်ဓာတ်ကို ချိုးနှိမ်ဖို့ ကြိုးစားမှာ ဖြစ်ပါတယ်။ ဝီဂန်တို့ကလည်း လာမယ့်နှစ်မှာ မျှော်လင့်ချက်တွေ အကောင်အထည်ပေါ်လာဖို့အတွက် ဒီပွဲမှာတော့ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားမှာသေချာပါတယ်။ မန်စီးတီးဟာ အိမ်ကွင်းခြေစွမ်းထက်ပေမယ့် တစ်ခါတစ်ရံ ပြိုင်ဘက်တွေရဲ့ ရဲရဲဝံ့ဝံ့ကစားမှုအပေါ် ရှိန်နေတတ်တာမို့ သတိထားရပါလိမ့်မယ်။ မန်ချီနီဟာ ကစားသမားအခင်းအကျင်းကောင်းတဲ့ နည်းပြတစ်ဦးဖြစ်ပြီး ဝီဂန်ကို ချေမှုန်းနိုင်ဖို့ ပြင်ဆင်ထားတာမို့ ဒီပွဲမှာ အနိုင်ရလဒ်ကို အမိအရဖမ်းဆုပ်နိုင်ရေးကလွဲပြီး အခြားရလဒ်ကို လက်ခံမှာမဟုတ်ပါဘူး။ အိမ်ကွင်းမှာ မန်စီးတီးပရိသတ်တွေအတွက် ကျေနပ်စရာရလဒ်ကို ထွေးပိုက်နိုင်ပါလိမ့်မယ်။

ဝက်စ်ဟမ်းနှင့် မန်ယူ

မန်ယူတို့ကတော့ အမှတ်စံချိန်တင်နိုင်ဖို့အတွက် ဒီပွဲကို အလေးအနက်ထားပြီး ကစားပါလိမ့်မယ်။ မန်ယူဟာ အဝေးကွင်းလည်းဖြစ်ပြီး အမာခံကစားသမားတွေ ထုတ်မသုံးရင်တော့ မမျှော်လင့်တဲ့ ရလဒ်ကို ရသွားနိုင်ပါတယ်။ မန်ယူတိုက်စစ်မှူးတွေဟာ တစ်ခါတစ်ရံ အဆုံးသတ်ပိုင်းအားနည်းတတ်ကြသလို ဘောလုံးဆုံးရှုံးမှုလည်း များတတ်ကြတာမို့ သတိထားရပါလိမ့်မယ်။ ဝက်စ်ဟမ်းတို့ကတော့ အိမ်ကွင်းမှာ မန်ယူထံမှ အမှတ်ရသလောက် ရအောင်ယူဖို့ ကြိုးစားမှာမို့ ပရိသတ်အကြိုက်ပွဲတစ်ပွဲအဖြစ် မြင်တွေ့ရပါလိမ့်မယ်။

ဖူလ်ဟမ်နှင့် ချယ်လ်ဆီး

ချယ်လ်ဆီးအတွက် အမှတ်လိုအပ်နေတာမို့ ဒီပွဲမှာ အမှတ်ပြည့်ရအောင် ကြိုးစားပါလိမ့်မယ်။ အက်ဖ်အေပွဲမှာ မန်စီးတီးရဲ့ အလဲထိုးခြင်းခံခဲ့ရတာမို့ ဒီပွဲမှာတော့ အနိုင်ရလဒ်ကိုရအောင် အပူတပြင်း ရှာဖွေပုံဖော်ပါလိမ့်မယ်။ ဖူလ်ဟမ်ဟာ အိမ်ကွင်းမှာ တစ်ခါတစ်ရံ ကစားပုံမှာကျော့တာမို့ ချယ်လ်ဆီးတို့ ခက်ခက်ခဲခဲကြိုးစားရမယ့်ပွဲပါပဲ။

မိုးမြင့်လင်းလက်

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ☆ မိမိ ကတိပေးထားသည့်အတိုင်း မန်စီးတီးအသင်းအတွက် ယခုနှစ်၌ ဖလားတစ်လုံးရယူပေးမည်ဖြစ်ကြောင်း နည်းပြမန်ချီနီက ပြောကြားသည်။
- ☆ ချယ်လ်ဆီးတိုက်စစ်မှူး ဒမ်ဘာဘာက မိမိသည် ချယ်လ်ဆီး၌ ဂိုးများသွင်းယူနိုင်ခြင်းကို အားရခြင်းမရှိသေးကြောင်း ပြောကြားသည်။
- ☆ မန်ယူသည် ယခုနှစ်၌ ပရီမီယာလိဂ်ဖလားတစ်လုံးတည်း ရယူနိုင်မည့်အနေအထားကြောင့် အပြည့်အဝမပျော်ရွှင်ရကြောင်း အသင်းခေါင်းဆောင် ဗီဒစ်က ပြောကြားသည်။
- ☆ အာဆင်နယ်အသင်းသည် မိမိအတွက် ပျော်ရွှင်စွာ ကစားနိုင်သည့် အခွင့်အရေးများပေးထားကြောင်း တိုက်စစ်မှူးဝေါကော့သ်က ပြောကြားသည်။
- ☆ အေစီမီလန်အသင်းအတွက် ဖလားများရယူပေးရန် ကစားဖော်များနှင့်အတူ ကြိုးစားသွားမည်ဟု ဘာလော့တယ်လီက ပြောကြားသည်။
- ☆ မိမိသည် ရီးရဲမက်ဒရစ်မှ ထွက်ခွာလိုသော ဆန္ဒရှိကြောင်း တိုက်စစ်မှူး စီရိုနယ်ဒိုက ပြောကြားသည်။
- ☆ ဘာစီလိုနာ၏ အောင်မြင်မှုသည် မက်ဆီပေါ် တည်မှီနေသည်ဟု ပြောဆိုနေမှုများကို အသင်းတာဝန်ရှိသူများက ပယ်ချလိုက်သည်။
- ☆ ဂါရက်စ်ဘေးလ်ကို လာမည့်နွေရာသီ၌ ရောင်းချမည်မဟုတ်ကြောင်း နည်းပြဘိုအာ့စ်က ထပ်မံပြောကြားသည်။
- ☆ ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားအဖြစ် လီဗာပူး တိုက်စစ်မှူး ဆွာရက်စ်ရရှိသင့်ကြောင်း ဂျရတ်က ထုတ်ဖော်ပြောကြားသည်။
- ☆ အင်္ဂလန်ဘောလုံးအသင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ပါဝင်ကစားလိုသော ဆန္ဒပြင်းပြနေဆဲဖြစ်ကြောင်း အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ခမ်းက ပြောကြားသည်။

အက်ဖ်အေ ဗိုလ်လုပွဲ မန်စီးတီးနှင့် ဝီဂန်တွေ့မည်

မန်စီးတီးက အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီးနောက်ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

မန်စီးတီးအတွက် ဂိုးများကို နာဆရီနှင့်အဂူရိုတို့က သွင်းယူခဲ့ကြသည်။ ၂၀၁၁ အက်ဖ်အေ ချန်ပီယံမန်စီးတီးအသင်းသည် ဗိုလ်လုပွဲတွင် ဝီဂန်အသင်းနှင့်တွေ့ မည်ဖြစ်သည်။ ယခုနှစ်ရာသီတွင် မန်စီးတီးတို့ ပရီမီယာလိဂ်ဖလား လက်လွတ်ရဖွယ်ရှိနေသော်လည်း အက်ဖ်အေဖလားဆွတ်ခူးမည့် အနေအထားမှာသေချာသလောက် ရှိနေသည်။

ပရီမီယာလိဂ်တန်းဆင်းလွတ်ရေး အသင်းရှစ်သင်း အကြိတ်အနယ်ကစားရမည်

လွန်ခဲ့သော သီတင်းပတ်က မန်ယူကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် စတုတ်စီးတီးအသင်းအနေဖြင့် တန်းဆင်းဇုန်အထက် သုံးမှတ်အကွာတွင် ရပ်တည်လျက်ရှိသည်။ ယင်းအတွက် တန်းဆင်းဇုန်လွတ်မြောက်ရေးအတွက် အပြင်းအထန်ကစားရန် နည်းပြတိုနီပူးလစ်က ၄င်း၏ ကစားသမားများကို တိုက်တွန်းလိုက်သည်။ ပရီမီယာလိဂ်ကစားရန်လက်ကျန်ပွဲ ငါးပွဲမျှသာ ကျန်တော့သည်။ ယခုနှစ်ရာသီတွင် တန်းဆင်းဇုန်တာစူနေသောအသင်း ရှစ်သင်းမှ ကိုးသင်း အထိရှိနေသည်။ ယင်းတို့အနက်မှ တန်းဆင်းလွတ်အောင် ကစားသွားမည်ဖြစ်ကြောင်း နည်းပြတိုနီပူးလစ်က ဆိုသည်။

တိုက်စစ်မှူး အင်ဒီကာရိုး ဝက်စ်ဟမ်းသို့ အမြဲတမ်းပြောင်းရွှေ့ဖွယ်ရှိ

လီဗာပူးမှ အငှားချထားသော တိုက်စစ်မှူးအင်ဒီကာရိုးအားဝက်စ်ဟမ်းအသင်းကအမြဲတမ်းစာချုပ်ဖြင့် ခေါ်ယူသွားရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ဝက်စ်ဟမ်း နည်းပြဆမ်အလာဒိုက်စ်က ပြောကြားသည်။ အသက် ၂၄ နှစ်ရှိ တိုက်စစ်မှူး အင်ဒီကာရိုးအား လာမည့်ရာသီအထိ ဝက်စ်ဟမ်းက ဆက်လက်ခေါ်ယူကစားမည်ဟုဆိုသည်။ အင်ဒီကာရိုးအား လီဗာပူးအသင်းက ပေါင် ၃၅ သန်းဖြင့် ၂၀၁၁ခုနှစ် ဇန်နဝါရီလက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လွန်ခဲ့သော ငါးပွဲတွင် လေးဂိုး သွင်းယူပေးထားသည်။

ဂျူဗင်တပ်စ်ဖလားရရန် ခုနစ်မှတ်လို

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်းသည် ဧပြီ ၁၅ ရက်နေ့က ပြိုင်ဘက်လာဇီယိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီးနောက် စီးရီးအေဖလားဆွတ်ခူးရန် နီးကပ်သွားပြီဖြစ်သည်။ လွန်ခဲ့သည့် သီတင်းပတ်က ဘိုင်ယန်မြူးနစ်ကိုရှုံးပြီး ချန်ပီယံလိဂ်မှ ထွက်ခဲ့ရသော်လည်း စီးရီးအေပြိုင်ပွဲတွင် အနိုင်ရလိုက်သည်။ ဂျူဗင်တပ်စ်တို့ ယင်းပြိုင်ပွဲအပြီး ၁၁ မှတ် အသာဖြင့် ဦးဆောင်နေသည်။ လက်ကျန်ပွဲကစားရန် ခုနစ်ပွဲအလိုဖလားရရန် ခုနစ်မှတ်သာလိုတော့သည်။

ကောင်းမြတ်သူ - ရေးသားသည်

ငွေရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ဖေဖေ ဦးမြင့်ဇော်နှင့် ချစ်မေမေ ဒေါ်အေးအေးသင်းတို့၏ ၁၇-၄-၂၀၁၂ ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရတုအဆက်ဆက်တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် လောကီလောကုတ္တရာအကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးများ-

ဖူးဖူး၊ ဂျူးဂျူး၊ သားချစ်

တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲသွားမည်ဖြစ်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်သန်း ၅/စကန(နိုင်) ၀၀၇၉၉၉၊ ဒေါ်အေးအေးသန်း ၁၂/ရကန(နိုင်)၀၅၇၂၃၉ နှင့် ဒေါ်မြင့်မြင့်သန်း ၁၂/ရကန(နိုင်)၀၅၇၂၄၀ တို့ သုံးဦးပိုင်လုပ်ကိုင်မည့် အငှားယာဉ်လိုင်းလုပ်ငန်းအား BLUE SKY အမည်ဖြင့် လုပ်ကိုင်မည်ဖြစ်ကြောင်းနှင့်အောက်ဖော်ပြပါ တံဆိပ်အမည်အမှတ်အသားကို အသုံးပြုမည်ဖြစ်ကြောင်းအား ရန်ကုန်မြို့ စာချုပ်စာတမ်းရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် ၂၅၉၄/၂၀၁၂ ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

BLUE SKY
အငှားယာဉ်လိုင်း

ကျွန်ုပ်၏မိတ်ဆွေများမှ မှတ်ပုံတင်သွင်းသည့် တံဆိပ်အမည်အမှတ်အသားကို ဆင်တူယိုးမှား တုပသုံးစွဲခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မာလွင်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၃၀၆၂၀၈၇

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ အထက မြတ်ဆရာပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့၊ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူဟောင်းများ၏(၁၈)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ကျောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ၂၀၁၂ခုနှစ် ဧပြီ ၂၀ရက် နံနက် ၉နာရီတွင် ကျင်းပရန် စီစဉ်ထားပါသည်။

ရပ်ဝေးတွင်နေထိုင်လျက်ရှိကြသည့် အပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် တပည့်ကျောင်းသား ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဧပြီ ၁၉ရက်အရောက် ကြွရောက်ကြပါရန်နှင့် လှူဒါန်းမည့်ငွေ၊ ပစ္စည်းများကို ဗိုလ်မှူးကြီးမြင့်အုန်း(ငြိမ်း) (ရန်ကုန်) ဖုန်း-၀၁-၅၈၁၀၂၀၊ ဦးသန်းဝင်း(ရန်ကုန်) ဖုန်း-၀၉-၅၀၈၅၉၀၅၊ ဦးခင်ဇော် (မန္တလေး)ဖုန်း-၀၉-၂၀၂၃၂၅၄၊ ဦးကံစိန်(ပဲခူး) ဖုန်း-၀၉-၄၉၄၄၄၅၄၇၊ ဒေါ်အုန်းရီ(ကျောင်းအုပ်ဆရာမကြီး)အထက(ကျောက်ကြီး) ဖုန်း-၀၅၄-၄၉၁၁၂၊ ဦးဝင်းအောင်(မြို့နယ်ပညာရေးမှူး) (ကျောက်ကြီး) ဖုန်း-၀၅၄-၄၉၀၀၃၊ ဦးဝင်းနိုင်(ကျောက်ကြီး)ဖုန်း-၀၅၄-၄၉၀၄၅ နှင့် ဦးထိန်ဝင်း(ကျောက်ကြီး)ဖုန်း-၀၉-၄၂၈၁၉၅၆၇၀ တို့ထံသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းကြပါရန် နိုးဆော်အပ်ပါသည်။

ဒေါ်မာလာတင်(ဘ)ဦးတင်ဖေ ၉/မခန(နိုင်)၀၁၇၃၀၅နှင့် အများသူငါသိစေရန် ကြေညာချက်

မြင်းခြံမြို့၊ (၅)ရပ်ကွက်၊ အမှတ် ၂၄၅ နေ ကွယ်လွန်သူ ဦးတင်ဖေနှင့် ဒေါ်လှလှတို့မှ အစဉ်အတိုင်း……၁။ ဒေါ်သီတာ၊ ၂။ ဦးဝင်းမြင့်၊ ၃။ ဒေါ်ခင်စန်းစန်း၊ ၄။ ဦးအုန်းကျော်၊ ၅။ ဒေါ်မာလာတင်၊ ၆။ ဒေါ်ကေသီခိုင်၊ ၇။ ဒေါ်နွယ်နွယ်ထွေးတို့ မွေးဖွားခဲ့ပါသည်။ မိခင် ဒေါ်လှလှဘက်မှကျန်ရှိသော လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ် (၃၀)၊ စက်စုရပ်၊ ဦးပိုင်အမှတ်(၃)၊ မြေချိန်ဧရိယာ ၀ဒသမ၀၈၇ ဧကရှိ မြေကွက်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ပြန်လည်လွှဲပြောင်းရယူရန် ကိစ္စအဝဝအတွက် ဦးဝင်းမြင့် ၉/မခန(နိုင်)၀၁၇၂၆၆ ကို ကျန်မောင်နှမများက ကိုယ်စားလှယ်လွှဲစာပြုလုပ်ပေးပြီး ဖြစ်ပါသည်။ ဒေါ်မာလာတင်သည် ကိုယ်စားလှယ်လွှဲစာပြုလုပ်ရန် လိုအပ်နေပါသဖြင့် ကိုယ်စားလှယ်လွှဲစာပြုလုပ်ရန် ဤကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း မိသားစုထံ လာရောက်ဆောင်ရွက်ပါရန် ကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ထားသည့်ရက်အတွင်း ဒေါ်မာလာတင်မှ ပျက်ကွက်ပါက ဖော်ပြပါမြေကွက်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးဝင်းမြင့် ၉/မခန(နိုင်)၀၁၇၂၆၆ မောင်နှမများ၏ ကိုယ်စားလှယ်လွှဲစာရသူ

ပြည်တွင်းသတင်း

လက်ဖက်များအထွက်ကောင်းသော်လည်း အချိန်မီတင်ပို့ရောင်းချရန်ခက်ခဲ

မင်းတပ် ဧပြီ ၁၆

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နယ်အတွင်းရှိ ကျေးရွာလေးများသည် လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် ဖွံ့ဖြိုးတိုးတက်မှု အားနည်းနေကြောင်း သိရသည်။

"လမ်းပန်းဆက်သွယ်မှု အားနည်းတော့ ဒေသထွက်ကုန်တွေကို ဈေးကွက်အတွင်း အချိန်မီမပို့နိုင်တော့ဘူး။ အလဟဿဖြစ်ကုန်တာများတယ်"ဟု ခွီးရိန်ရွာချင်းတိုင်းရင်းသား ဦးကီဟုန်က ပြောကြားသည်။

ခွီးရိန်ကျေးရွာသည် အိမ်ခြေ ၅၄ အိမ်၊ လူဦးရေ ၃၀၀ ကျော် မှီတင်းနေထိုင်ကြပြီး ခွီးရိန်နာမည်ကျော် ယောချောင်းကြီး၏အစ ဒေသနယ်မြေရွာလည်းဖြစ်သည်။ "ကျွန်တော်တို့ရွာမှာ မူလွန်ကျောင်းရှိတယ်။ ကျောင်းသားနဲ့ ဆရာအင်အားမလုံလောက်ဘူး။ ပြီးတော့ မိုးတွင်းမှာ ထင်ချောင်းကခံထားတော့ သွားရေးလာရေးခက်ခဲပါတယ်။ ထင်ချောင်းတံတား တည်ဆောက်ပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့ဗျာ" ဟု ခွီးရိန်ရွာသားတစ်ဦးကလည်း ပြောကြားသည်။

ခွီးရိန်ရွာ၊ စပ်ကောက်ရွာ၊ ထာလောင်းရွာ၊ မသုံးနူးရွာ၊ အွယ်ရေးရွာ၊ ခွဲလုံရွာ၊ လာပန်းရွာ၊ လေ့ချမ်းရွာ စသည့် ရွာဒေသနယ်မြေများတွင် လက်ဖက်ကို စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ ချင်းပြည်နယ် မင်းတပ်မြို့နှင့် ၂၅ မိုင်အကွာ ဒေသအများစုတွင် လက်ဖက်ကို နှစ်ပေါင်း ၇၀ တိုင်အောင်စိုက်ပျိုးမှု ရှိခဲ့သော်လည်း စီးပွားဖြစ် မလုပ်ကိုင်ခဲ့ကြောင်း၊ ၂၀၁၀ ခုနှစ် နောက်ပိုင်းမှ စီးပွားဖြစ်လုပ်ကိုင်ခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် လက်ဖက်များ ဈေးကွက်သို့ အချိန်မီမပို့နိုင်ကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ချင်းပြည်နယ် မင်းတပ်ဒေသ လက်ဖက်ကို မိုးဦးကျချိန်စိုက်ပျိုးကြပြီး သုံးနှစ်သက်တမ်းရှိချိန် ဒီဇင်ဘာလ၌ အများဆုံးဆွတ်ခူးကြသည်။ ခွီးရိန်ရွာနယ်မြေတွင် လက်ဖက်ဧက ၁၀၀ ဝန်းကျင်ရှိသည်။ ဒေသပေါက်ဈေး လက်ဖက်တစ်ပိဿာ ငွေကျပ် ၄၀၀၀ နှုန်းရှိသည်။ မျိုးစေ့အနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၅၀၀၀ ဝန်းကျင်ရှိကာ လက်ဖက်အပြင် ဝဥစိုက်ပျိုးရေးဖြစ်ထွန်းနေကြောင်း သိရှိရသည်။

နေဦးမောင်(ပခုက္ကူ)

ရန်ကုန်ကမ်းနားလမ်းသစ်ကြီး လမ်းအသုံးပြုခ စတင်ကောက်ခံ ခေါက်တိုကုန်တင်ယာဉ်များ ဆန်တစ်အိတ် ကားခ ကျပ် ၃၀ တိုးယူလာ

ရန်ကုန် ဧပြီ ၁၆

ရန်ကုန်ကမ်းနားလမ်းသစ်ကြီးတွင် ဧပြီ ၁ ရက်မှစ၍ လမ်းအသုံးပြုခ ကောက်ခံမှုကို အကြောင်းပြု၍ ရန်ကုန်မြို့အတွင်း ခေါက်တိုကုန်တင်ယာဉ်များ ဆန်တစ်အိတ် ခေါက်တိုကားခ ကျပ် ၃၀ တိုးမြှင့်ယူလာရာ ဆန်ကုန်သည်များ အခက်အခဲဖြစ်နေကြောင်း သိရသည်။

၁၄ ပေနှင့်အောက် ကုန်တင်ယာဉ်များ လမ်းအသုံးပြုခ ငွေကျပ် ၁၅၀၀ နှုန်း၊ တန် ၂၀ နှင့်အထက် ယာဉ်များ ငွေကျပ် ၄၀၀၀ နှုန်း ကောက်ခံပြီး နံနက် ၆ နာရီမှ နောက်နေ့ နံနက် ၆ နာရီအထိ ဖြတ်သန်းမှုများတွင် တစ်ကြိမ်တည်းသာ ပေးဆောင်ရမည်ဟု မတ် ၃၁ ရက်တွင် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားကြောင်း၊ ယင်းသို့ လမ်းအသုံးပြုခ ကောက်ခံမှုကြောင့် ရန်ကုန် လမ်းမတော်ဆိပ်ကမ်းမှ ဘုရင့်နောင်သို့ ဆန်တစ်အိတ် ခေါက်တိုကားခ ကျပ် ၁၅၀ နှုန်းမှ ယခုအခါ ၁၈၀ ကျပ်နှုန်းသို့ ပြောင်းလဲကောက်ခံနေသည်ဟု ဆန်ကုန်သည်များက ပြောကြားသည်။

အမည်းစက်သဖွယ်

သတ်မှတ်ချက်အရ ခေါက်တိုယာဉ်များအနေဖြင့် တစ်ရက်လျှင် ပျမ်းမျှ အသွားအပြန်နှစ်ကြောင်း ဖြတ်သန်းသော်လည်း လမ်းအသုံးပြုခငွေကျပ် ၁၅၀၀ သာပေးဆောင်ရကြောင်း၊ အသွားအပြန်နှစ်ကြောင်း အသုံးပြုလျှင် အသွား သို့မဟုတ် အပြန်ခရီးစဉ်အတွက် လမ်းအသုံးပြုခ ၃၇၅ ကျပ်သာ ကျသင့်ကြောင်း၊ ယင်းငွေကြေး ပမာဏသည် ဆန်ပွဲရုံများတွင် ဆန်ချပြီးနောက် ပွဲရုံအလုပ်သမားများအား လက်ဖက်ရည်ဖိုး (အာရကေ) ပေးသည့်ငွေကြေးပမာဏသာရှိကြောင်း၊ သို့သော် ယင်းလမ်းအသုံးပြုခကိုအကြောင်းပြု၍ ၁၄ ပေ ဒိုင်နာယာဉ်ပေါ်တင်ဆောင်လာသော အိတ်ရေ ၂၀၀ ပေါ်မှ တိုးမြှင့်ယူသောငွေများမှာ အသွား သို့မဟုတ် အပြန်ကုန်ပါတစ်ခေါက်လျှင် ငွေကျပ် ၆၀၀၀ ပိုရနေရာ အသွားအပြန်နှစ်ကြောင်းတွင် ကုန်ရပါက ငွေကျပ် ၂၀၀၀၀ ကျော် ပိုမိုရယူနေကြောင်း၊ လမ်းအသုံးပြုခပေးရငွေ ၁၅၀၀ အပေါ်မူတည်၍ ကားခငွေအကျိုးအမြတ် ကျပ် ၂၀၀၀၀ ဝန်းကျင်ရယူနေသည်မှာ မသင့်လျော်ကြောင်း၊ ကုန်စည်ပို့ဆောင်ရေးလောကတွင် အမည်းစက်သဖွယ်ဖြစ်နေကြောင်း ကားဂိတ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ခင်ဆိုင်

ဝင်ငွေခွန်ကောက်ခံရငွေ လွှဲပြောင်းပေးအပ်

ပြည် ဧပြီ ၁၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ပြည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း ဝင်ငွေခွန်ကဏ္ဍအလိုက် ပုဂ္ဂိုလ်တစ်ဦးချင်း ကောက်ခံရရှိငွေ၏ ငါးရာခိုင်နှုန်းကို ပြည်မြို့နယ် စည်ပင်သာယာရေးအတွက် လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မတ် ၂၈ ရက် နံနက် ၁၁ နာရီက မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလှမြင့်က စည်ပင်သာယာရေးအဖွဲ့အတွက် ဝင်ငွေခွန်ငါးရာခိုင်နှုန်း ကောက်ခံရငွေကျပ် ၆၁၂၃၉၉၄ ကို ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

(၁၀၅)

ရေတွင်းရေကန် ရေခန်းခြောက်နေ

နောင်ချို ဧပြီ ၁၆

နောင်ချိုမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများတွင် အပူချိန်မြင့်တက်လာခဲ့ပြီးနောက် ရေတွင်းရေကန်များ ခန်းခြောက်လာပြီး ပြည်သူများ ရေသုံးစွဲမှုနှင့် အခက်အခဲများ ကြုံတွေ့နေကြရသည်။ တချို့က နောင်ချိုအရှေ့ဘက် ဂုတ်တွင်းချောင်းသို့ ဆိုင်ကယ်၊ ကား၊ ထော်လာဂျီယာဉ်များဖြင့် ရေသွားရောက်ချိုးနေကြရသည်။ ယမန်နှစ်ကထက် အပူချိန်မြင့်မားလာသည့်အတွက် ရေရှားပါးမှုပြဿနာ ဖြေရှင်းနိုင်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင် ကြီးကြပ်ကာ စည်ပင်ဝန်ထမ်းများက တောင်ရပ်ကွက်အတွင်းရှိ ဦးကျော် ရေထွက်ရေကန်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေဦးသာမှ မြို့မသောက်သုံးရေကန်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို ဆောင်ရွက်နေကြကြောင်း သိရသည်။ **(ဝဇိ၁)**

ဒေါဥခူကွက်ဟောင်း မီးလင်းတော့မည်

လွိုင်ကော် ဧပြီ ၁၆

ကယားပြည်နယ် လွိုင်ကော်မြို့တွင် မင်းစု၊ ရှမ်းစု၊ ဒေါ်နိုးကူး၊ ဈေးပိုင်း၊ ဓမ္မာရုံ၊ ရွှေတောင်၊ မင်္ဂလာ၊ ဒေါတမ၊ လောဓမ္မ၊ မိုင်းလုံး၊ နောင်ယား(က)၊ နောင်ယား(ခ)နှင့် ဒေါဥခူဟူ၍ မြို့ပေါ်ရပ်ကွက် ၁၃ ခုရှိသည်။ လွိုင်ကော်မြို့ မြေတိုးချဲ့သောအခါ အချို့ရပ်ကွက်များကို ကွက်ဟောင်းနှင့် ကွက်သစ်ဟူ၍ နှစ်ပိုင်းခွဲခြားခေါ်ကြရာတွင် ကွက်ဟောင်းရပ်ကွက်သည် မြို့၏အတွင်းပိုင်းတွင်ရှိပြီး ကွက်သစ်ရပ်ကွက်သည် မြို့စွန်ပိုင်းတွင်ရှိသော်လည်း ဒေါဥခူရပ်ကွက်မှာမူ တစ်မူထူးခြားစွာဖြင့် ကွက်ဟောင်းသည် မြို့စွန်တွင်တည်ရှိနေပြီး ကွက်သစ်မှာ မြို့တွင်းပိုင်း၌တည်ရှိနေသည်။ ဒေါဥခူကွက်ဟောင်းသည် ယေဇူးရွှေနှလုံးတော်ဘုရားကျောင်း၏ အနောက်ဘက်၌ရှိသည်။ ထိုအပိုင်းကို ဒေါဥခူကွက်ဟောင်း ဟုခေါ်ကြသကဲ့သို့ ဒေါဥခူ ကယားပိုင်းဟုလည်း ခေါ်ကြသည်။ ကယားပိုင်းဟုခေါ်ကြခြင်းမှာ ထိုအပိုင်းတွင် ကယားမျိုးနွယ်စုများ အများဆုံး နေထိုင်ကြသောကြောင့်ဖြစ်သည်။ ထိုအပိုင်းသည် ၁၉၆၀ ခုနှစ်ခန့်မှစတင်၍ ဒေါဥခူဟူသော ကျေးရွာငယ်အဖြစ် စတင်တည်ရှိခဲ့ပြီး လွိုင်ကော်မြို့ မြေတိုးချဲ့သောအခါ လွိုင်ကော်မြို့၏ အိမ်ခြေများနှင့် ထိစပ်သွားပြီး ရက်ကွက်အတွင်း ပါဝင်လာခြင်းဖြစ်သည်။

အဆိုပါ အိမ်ခြေ ၁၉၀ ခန့်၊ လူဦးရေ ၉၅၀ ခန့်ရှိသော ဒေါဥခူကွက်ဟောင်းရပ်ကွက်အတွင်းမှ လမ်းများမကောင်းသေးသကဲ့သို့ လျှပ်စစ်မီးလည်း အပြည့်အဝမရရှိသေးသဖြင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ထင်သာမြင်သာပြုပြင်စရာကဏ္ဍ၌ "ဒေါဥခူကွက်ဟောင်း လမ်းလည်းကောင်း မီးလည်းလင်းစေချင်" ခေါင်းစဉ်ဖြင့် ဖော်ပြပါရှိခဲ့ပါသည်။

ယခုအခါ အဆိုပါ လျှပ်စစ်မီးကို မျှော်လင့်တောင့်တနေသော ဒေါဥခူကွက်ဟောင်းရပ်ကွက်တွင် လျှပ်စစ်မီး ထိန်ထိန်ညီးအောင် လင်းတော့မည်ဖြစ်သည်။ ဒေါဥခူကွက်ဟောင်းရပ်ကွက်ထိပ်တွင် 315 KVA ထရန်စဖော်မာတည်ဆောက် တပ်ဆင်ခြင်း၊ ကွန်ကရစ်ဓာတ်တိုင် ၆၉ တိုင် စိုက်ထူခြင်း၊ 11 KV ဓာတ်အားလိုင်းတွင် ချိတ်ဆက်ရန် လျှပ်စစ်ဓာတ်ကြိုးသွယ်တန်းခြင်းစသည့် လုပ်ငန်းများကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်မှစတင်၍ ပြည်နယ်၊ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်ကျော်ခိုင် ဦးစီးလျက် လျှပ်စစ်လုပ်သားများက အားချင်းဆောင်ရွက်နေကြပေပြီ။

"လျှပ်စစ်မီးရတော့မယ်ဆိုတော့ တစ်ရပ်ကွက်လုံးက နိုင်ငံတော်ကို ကျေးဇူးတင်လွန်းလို့ ဝမ်းသာမျက်ရည်ဝဲရပါတယ်။ လျှပ်စစ်မီးသွယ်တန်းရေးလုပ်ငန်းတွေမှာ လျှပ်စစ်ဌာနကဝန်ထမ်းတွေကို တစ်ရပ်ကွက်လုံးက လူတွေထွက်ပြီး ဝိုင်းဝန်းပူးပေါင်းလုပ်ကိုင်ပေးနေကြပါတယ်" ဟု ကွက်ဟောင်းရပ်ကွက် ရာအိမ်မှူး ဦးဒီးဒီ(ခ)ဦးအိုင်ဖိလစ်က ဝမ်းမြောက်ဝမ်းသာစကား ပြောကြားခဲ့ပါသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ထားဝယ်တွင် စတင်

ထားဝယ် ဧပြီ ၁၆

စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၇ နာရီက ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာ၌ ကျင်းပသည်။

